၁၉၉၅ ခု အောက်တိုဘာလမှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

Published by Voice of Burma Information Group Issue No.840, November 13, 2011

APTO 502, 7-18-1 , Takinogawa , Kita-Ku, Tokyo 114-0023, JAPAN
Tel/Fax: 81 3-3949-3919, E-mail: sayarkway@yahoo.com , koko@gol.com

## အဖွဲ့ချုပ် ရွေးကောက်ပွဲဝင်ရေး အများကြီးစဉ်းစားရမယ်လို့ ဦးဝင်းတင်ပြောဆို

**VOA ၊ နိုဝင်ဘာ ၁၂ ။** ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အနေနဲ့ ပါတီမှတ်ပုံတင်ရေးကိစ္စနဲ့ပတ်သက်လို့ ဘာမှပြောစရာ မရှိပေမဲ့ ရွေးကောက်ပွဲဝင်ရေးကိစ္စကိုတော့ အများကြီးစဉ်းစားရလိမ့်မယ်လို့ NLD ထိပ်တန်း ခေါင်းဆောင်တစ်ဦးဖြစ်တဲ့ သတင်းစာဆရာကြီး ဦးဝင်းတင်က ပြောပါတယ်။

ရွေးကောက်ပွဲဝင်ရေးကိစ္စဟာ ၂၀၀၈ အခြေခံဥပဒေအပေါ် သဘောထားနဲ့သက်ဆိုင်တယ်လို့လည်းဆိုပါတယ်။ NLD ပါတီမှတ်ပုံတင်ရေးကိစ္စနဲ့ တပါတည်း ပါတီရွေးကောက်ပွဲဝင်သင့် မဝင်သင့်ဆိုတဲ့ အကြောင်းအရာတွေက မြန်မာ့နိုင်ငံရေးအသိုင်းအဝိုင်းမှာ အခုတလော အတော်လေး လူပြောများလာနေတဲ့ကိစ္စပါ။

ဒီကိစ္စကို NLD ဗဟိုကော်မီတီဝင်တွေ စည်းဝေးထိုင်ပြီးမှ ဆုံးဖြတ်မှာဖြစ်ပေမဲ့ ပါတီမှတ်ပုံတင်ရေးကိစ္စအတွက် ဘာမှ အငြင်းပွားစရာမရှိပေမဲ့ မှတ်ပုံတင်ပြီး နောက်ဆက်တွဲဖြစ်လာမယ့် ရွေးကောက်ပွဲဝင်ရေး မဝင်ရေးဆိုတဲ့ကိစ္စကတော့ အများကြီးစဉ်းစားကြရမယ်လို့ ဗဟိုကော်မီတီဝင်တစ်ဦးဖြစ်သူ ဦးဝင်းတင်က သူ့သဘောထားကိုအခုလို ထုတ်ဖော်ပြောဆိုလာတာပါ။

"ဒီကိစ္စက အပိုင်းနှစ်ပိုင်းရှိတယ်လို့ ကျနော်ယူဆတယ်။ တစ်ပိုင်းက မှတ်ပုံတင်ရေးကိစ္စ၊ တစ်ပိုင်းက ရွေးကောက်ပွဲဝင်ရေးကိစ္စပေါ့၊ ရွေးကောက်ပွဲဝင်ရေးကိစ္စနဲ့ပတ်သက်လာပြီဆိုရင်တော့အတော်ကိုစဉ်းစားရမယ့်ကိစ္စတွေ၊ စဉ်းစားစရာတွေ၊ မေးခွန်းထုတ်စရာတွေ၊ ဒွိဟ သံသယတွေ တော်တော်များများ ပေါ်နိုင်လိမ့်မယ်လို့ထင်တယ်။

ဘာဖြစ်လို့လဲဆိုတော့ ရွေးကောက်ပွဲဝင်တဲ့ကိစ္စက ကျနော်တို့က ၂၀၀၈ ခုနှစ် အခြေခံဥပဒေကို ကျနော်တို့လက်ခံသလား၊လက်မခံဘူးလားဆိုတဲ့ဟာနဲ့ စဉ်းစားရမယ့်ဟာကိုး။ ဒါ ကတစ်ချက်။နောက်တစ်ချက်က ကျနော်တို့တွေ ဝင်သွားမယ့်လွှတ်တော်ဆိုတော့ နေရာဒေသကလည်း ဘာပဲပြောပြော ၂၀၀၈ အခြေခံဥပဒေလွှမ်းမိုးနေတဲ့ နေရာဒေသ ဖြစ်တဲ့အခါကျတော့ ကျနော်တို့ အဲဒီလွှတ်တော်ထဲကို ဝင်သွားဖို့အတွက် ရွေးကောက်ပွဲဝင်ကြမယ်ဆိုတဲ့ကိစ္စမှာ ကျနော်တို့ ပါတီဝင်ထုကြားထဲမှာ အများကြီး စဉ်းစားတဲ့သူတွေ ဒွိဟ သံသယတွေ ပေါ်နိုင်တယ်လို့ ကျနော်ထင်တယ်။"

ရွေးကောက်ပွဲဝင်ရေးကိစ္စအတွက် ပါတီတွင်းမှာ ကွဲလွဲတဲ့အယူအဆတွေရှိနိုင်တာကြောင့် သူ့အနေနဲ့ အခုလို ပြောတာဖြစ်တယ်လို့ ဦးဝင်းတင်က ဆက်ပြောပါတယ်။

"ကျနော်ပြောနိုင်တာတစ်ခုကတော့ ဘယ်လိုပဲဖြစ်ဖြစ် ဒီမှတ်ပုံတင်ကိစ္စရော၊ ရွေးကောက်ပွဲဝင်ရေး ကိစ္စရောမှာ သေချာတာ တစ်ခုကတော့ ကျနော်တို့မှာ ကွဲလွဲတဲ့အယူအဆတွေ၊ ကွဲလွဲတဲ့အမြင်တွေ၊ သဘောထားတွေ၊ ရပ်တည်ချက်တွေ၊ တောင်းဆိုချက်တွေ စသည်ဖြင့် အများကြီး ကွဲလွဲမှုတွေရှိနိုင်တယ်။

ဒါ သေချာတယ်။ ဒါကို ကျနော်တို့ ဘာမှငြင်းစရာမလိုဘူး။ သို့သော် အဲဒီကွဲလွဲမှုတွေအားလုံးကို ကျနော်တို့ပါတီရဲ့ အစဉ်အလာရှိတဲ့ အတိုင်းပဲ ဆုံးဖြတ်ချက်မှာတော့ ကျနော်တို့ပါတီဟာ တညီတညွတ်တည်း ဆုံးဖြတ်နိုင်တဲ့ အစဉ်အလာအတိုင်းပဲ ဆုံးဖြတ်လိမ့်မယ်လို့ ကျနော်ကတော့ ထင်မြင်တယ်ဗျာ။"

ပါတီမှတ်ပုံတင်ရေးကိစ္စနဲ့ပတ်သက်လို့ မကြာခင်ရက်ပိုင်းအတွင်း ဗဟိုကော်မီတီ အစည်းဝေးထိုင်ပြီး ဆုံးဖြတ်ဖို့ရှိတယ်ဆိုတာ သိရပေမဲ့ ဘယ်နေ့ဆိုတာတော့ အတိအကျမသိရသေးပါဘူး။

၂၀၁၀ ရွေးကောက်ပွဲအတွက် ပါတီများ မှတ်ပုံတင်ရေးဆိုင်ရာ ဥပဒေစည်းမျဉ်းတွေအပေါ် သဘောမတူတဲ့အတွက် NLD ကမှတ်ပုံမတင်ဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ပေမဲ့ အခု အဲဒီဥပဒေတွေကို ပြီးခဲ့တဲ့လကုန်ပိုင်းအတွင်း ပြင်ဆင်ဖို့ လွှတ်တော်က ဆုံးဖြတ်ပြီး သမ္မတကလက်မှတ်ထိုးလိုက်ပြီဖြစ်တာကြောင့် ပါတီမှတ်ပုံတင်ရေးကိစ္စအတွက်တော့အ

**စာမျက်နှာ ၂ သို့**

**အဖွဲ့ ချုပ်ပါတီမှတ်ပုံတင်ရေး မတင်ရေး တိုင်းရင်းသားများနှင့် ဆွေးနွေးဖွယ်ရှိ** — **စာမျက်နှာ ၃**

**မြန်မာနှင့် တရုတ် လူ့ အခွင့်အရေး တိုးတက်ဖို့ ဝန်ကြီးကလင်တန် တိုက်တွန်း** — **စာမျက်နှာ ၆**

**ရန်ကုန်မြို့ ဗြိတိသျှ သံရုံးရှေ့ မှာ သတင်း အင်္ဂလိပ်ဌာနကို ဆန္ဒပြ** — **စာမျက်နှာ ၁၀**

**"သူရ သတ္တိ" ဆုကို အဖွဲ့ ချုပ် ခေါင်းဆောင် ဦးဝင်းတင်အား ချီးမြှင့်** — **စာမျက်နှာ ၁၅**

**အစိုးရနဲ့ ငြိမ်းချမ်းရေး ဆွေးနွေးရန် KNU ကိုယ်စားလှယ် ၇ ဦး ပါ အဖွဲ့ ဖွဲ့စည်း** — **စာမျက်နှာ ၁၆**

**အညတရသူရဲကောင်းဆု ဒုတိယအကြိမ် နိုင်ငံရေးအကျဉ်းသား ၄ ဦးချီးမြှင့်** — **စာမျက်နှာ ၁၉**

VOB အာဘော်

# ဒေါ်အောင်ဆန်းစုကြည်ကို ဝန်းရံကြစို့

ပြည်သူလူထုအကျိုး တိုင်းပြည်အကျိုးအတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ သမိုင်းဝင်ဆုံးဖြတ်ချက်တရပ်ချမှတ်ရပါတော့မည်။ အဖွဲ့ချုပ်၏ တရားဝင်အဖြစ်ရပ်တည်နိုင်ရေး မှတ်ပုံတင်ရပါတော့မည်။ အစိုးရမှလည်း အဖွဲ့ချုပ်မှတ်ပုံတင်နိုင်ရေးအတွက် ဥပဒေတချို့ပြင်ဆင်ပေးပြီး လမ်းဖွင့်ပေးလိုက်ပါသည်။

အရေးကြီးသည်က ဒီမိုကရေစီနှင့် မကိုက်ညီသော ၂၀၀၈ အခြေခံဥပဒေပါ အချက်တချို့ကြောင့် မှတ်ပုံတင်ရေး မတင်ရေးအဖွဲ့ချုပ်အတွင်း ညှိနှိုင်းဆွေးနွေးနေကြရသည်။ သို့သော် ဒီမိုကရေစီသဘောတရားအရ အများစု၏ဆန္ဒဖြင့် ဆုံးဖြတ်ကြရမည်ဖြစ်သည်။

အမျိုးသားခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်၏ သစ္စာ၊ သမာဓိ၊ သိက္ခာ ဉာဏ်အမြော်အမြင်ကြီးများမှု၊ ဗဟုသုတကြွယ်ဝမှုများကြောင့် လူထုအတွက်အကောင်းဆုံးသော ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး ကြိုးပမ်းနိုင်လိမ့်မည်ဟု ယုံကြည်သည်။

ဥပဒေကမည်သို့ပင်ဆိုစေကာမူ၊ နိုင်ငံတကာခေါင်းဆောင်များ၏ကူညီထောက်ခံအားပေးမှု၊ ပြည်သူလူထုအများစု ထောက်ခံအားပေးမှု၊ အများဆန္ဒ၊ ပြည်သူ့ဆန္ဒဖြင့် တိုင်းပြည်အပြောင်းအလဲကို အမြော်အမြင်ကြီးစွာဖြင့် ဆောင်ကျဉ်းသွားနိုင်လိမ့်မည်ဟု ယုံကြည်သည်။

သံသယရှိသူများ၏ဝေဖန်သုံးသပ်ချက်အရအစိုးရိမ်ရဆုံးအချက်မှာ ၂၀၀၈ဖွဲ့စည်းပုံကိုအတင်းအကျပ်ဆုပ်ကိုင်ထားပြီး မိမိအာဏာတည်တန့်ခိုင်မြဲရေး ပရိယယ်မျိုးစုံဖြင့် အကောက်ကြံနေသော နောက်ကွယ်မှ ဗိုလ်ချုပ်တစုပင်ဖြစ်သည်။ မှန်ပါသည်။ စစ်တပ်ဗိုလ်ချုပ်များသည် ကတိမတည်မှု၊ အာဏာမက်မောမှု၊ မာန်မာနထောင်လွှားမှု၊ အင်အားသုံးမှု၊ နိုင်ငံတကာကို မထေမဲ့မြင်ပြုမှု၊ ပြည်သူကို ရက်ရက်စက်စက် ညဉ်းပမ်းနှိပ်စက်မှုစသည့်အချက်များကြောင့် သံသယရှိသူများကို အပြစ်မမြင်ပေ။ သမိုင်းတွင် လက်တွေ့ရင်ဆိုင်ခံစားခဲ့ကြရပြီမဟုတ်ပါလော။ ဗိုလ်ချုပ်ကြီးများကို အာကာတတရား ဆိုနေခြင်းမဟုတ်ပါ။

ယနေ့ပြုပြင်ပြောင်းလဲရေးလမ်းကြောင်းကို အမှန်တကယ်လိုလားနေသည့် ပြည်သူ့ဆန္ဒကို စေတနာမှန်စွာဖြင့် လိုက်လျောလုပ်ဆောင်ပေးမည်ဆိုပါလျှင် ဗိုလ်ချုပ်ကြီးများကို ကျေးဇူးအထူးတင်ရမည်ဖြစ်ပေသည်။ အာဏာရှင်စနစ် ခေတ်မစားတော့ကြောင်း ဗိုလ်ချုပ်ကြီးများသိသင့်သည်ဟု ယူဆသည်။

လျှင်မြန်စွာတိုးတက်နေသော ကမ္ဘာကြီးနှင့်အတူ မြန်မာနိုင်ငံသည်လည်း မလွဲမသွေ တိုးတက်ပြောင်းလဲရပေတော့မည်ဟု ယုံကြည်။ တိုးတက်သော ကမ္ဘာ့ရေစီးကြောင်းနှင့် မျောလိုက်နိုင်ပါမှ ဤရေစီးကြောင်း၏ ဆိုးကျိုး ကောင်းကျိုးကို မြန်မာနိုင်ငံသားများခံစားကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံသားများ ကောင်းစားရေး အမျိုးသားခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်သည် စိန်ခေါ်မှုမြောက်များစွာကို ရင်ဆိုင်ဖြေရှင်းလျက် မြန်မာနိုင်ငံအပြောင်းအလဲကို ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းနေမှုအပေါ် ကျွန်ုပ်တို့အားလုံး ဝိုင်းဝန်းအားပေးထောက်ခံကြပါစို့လို့ တိုက်တွန်းရေးသားလိုက်သည်။

---

## ကျပ်သိန်း တသောင်းတန် တောက်တဲ့

**Mizzima၊ နိုဝင်ဘာ ၈။** ။ အရှည်သုံးပေခွဲရှိ တောက်တဲ့ တကောင်အား ကျပ်သိန်းပေါင်း တသောင်း ခုနစ်ထောင်ဖြင့် အရောင်းအဝယ်ဖြစ်မှု စစ်ကိုင်းတိုင်းဒေသကြီး ကျောက်ဆည်ကျေးရွာ၌ အောက်တိုဘာလ ၃၀ ရက်နေ့က ဖြစ်ပေါ်ခဲ့ကြောင်း ပြည်တွင်းထုတ် ဆဲဗင်းဒေးသတင်းဂျာနယ်တွင်ပါရှိသည်။

"ကျောက်ဆည်ရွာက တောက်တဲ့တော့ မဟုတ်ဘူး။ အဲဒီရွာကိုယူပြီး အရောင်းအဝယ်ဖြစ်တာ တောက်တဲ့။ အရှည် က သုံးပေခွဲရှိတယ်။ အလေးချိန်က တပိဿာ လေးဆယ်ကျပ်သားရှိတယ်" ဟုမျက်မြင်သက်သေတဦးကို ကိုးကား၍ ဂျာနယ်က ဖော်ပြသည်။

ပုံနှင့်တကွ ဖော်ပြထားသော အဆိုပါတောက်တဲ့အား တရုတ်ကုန်သည်များက ဝယ်ယူသွားခဲ့ခြင်းဖြစ်ကာ သုံးရက်လျှင် တကြိမ် အန်လေ့ရှိသည့် အန်ဖက်အား ဆေးဖော်ရာ၌ အသုံးပြုရန်ဟု ဆိုသည်။

"ကျပ်သိန်းပေါင်း တသောင်းပေးတာ မရောင်းလို့ သိန်းငါးသောင်းပေးမယ် သွားကမ်းလှမ်းတော့ ရောင်းပြီးကြောင်း သိရတယ်" ဟု မန္တလေးဒေသခံ တောက်တဲ့ကုန်သည်က ဆိုသည်။

တောက်တဲ့အရောင်းအဝယ်ဈေးကွက်မှာ ၂၅ကျပ်သားအထက်ရှိသောတောက်တဲ့များကို ဆေးဖော်စပ်ရန်အတွက် မန္တလေးမြို့ အခြေစိုက်၍ လိုက်လံဝယ်ယူလျက် ရှိကြောင်းလည်း သိရသည်။

**မျက်နှာဖုံးမှ**

လွယ်တကူဆုံးဖြတ်ချက်ချနိုင်လိမ့်မယ်လို့ ဦးဝင်းတင်ကပြောပါတယ်။

"မှတ်ပုံတင်ရေးကိစ္စနဲ့ပတ်သက်လို့ကတော့ ကျနော်တို့တွေ အရင်တုန်းက ၂၀၁၀ တုန်းက ငြင်းဆန်ခဲ့တဲ့ ပါတီမှတ်ပုံတင်ခြင်းဆိုတဲ့ နေရာမှာ ရွေးကောက်ပွဲဥပဒေအရ သတ်မှတ်ထားတဲ့ စည်းကမ်းတွေပေါ့ဗျာ၊ စကားလုံးတွေ သက်သာအောင်လုပ်ပေးတဲ့ သက်သာပျော့ပြောင်းတယ်ပေါ့ဗျာ၊ စည်းကမ်းချက်များဖြစ်တဲ့အတွက် ကျနော်ထင်တယ်၊ ကျနော်တို့ ပါတီဝင်ထုတွေကြားထဲမှာ ဒီကိစ္စက သိပ်ပြီးတော့ ပြဿနာရှိလိမ့်မယ်လို့ ကျနော်သိပ်မထင်ဘူး။

ဘာဖြစ်လို့လဲဆိုတော့ ကျနော်တို့တွေက ဒီမိုကရေစီပါတီ ဖြစ်တယ်၊ တောခိုမယ့်ပါတီလည်းမဟုတ်ဘူးဗျာ၊ မြေအောက်ပါတီလည်းမဟုတ်ဘူးဆိုတဲ့အခါကျတော့ ကျနော်တို့ဟာ ဒီမိုကရေစီပါတီပီပီ ဥပဒေဘောင်အတွင်းမှာနေချင်ကြတာပေါ့။"

NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းတင် ပြောပြခဲ့တာပါ။ ပြည်နယ်တိုင်းတွေမှာရှိတဲ့ NLD အဖွဲ့ဝင်တွေက လွန်ခဲ့တဲ့ရက်ပိုင်းတွေအတွင်းဗွီအိုအေမြန်မာပိုင်းကိုပြောပြခဲ့တဲ့သဘောထားတွေအရကတော့ မှတ်ပုံတင်ရေးကိစ္စအတွက် ပါတီဝင်အများစုကယေဘုယျအားဖြင့် သဘောတူကြပေမဲ့ ရွေးကောက်ပွဲဝင်ရေး မဝင်ရေးဆိုတဲ့ကိစ္စအပေါ်မှာ သဘောထားကွဲပြားမှုတွေရှိနေတယ်ဆိုတာကို ထုတ်ဖော်ပြောဆိုခဲ့ကြပါတယ်။

# အဖွဲ့ချုပ် ပါတီမှတ်ပုံတင်ရေး မတင်ရေး တိုင်းရင်းသားများနှင့် ဆွေးနွေးဖွယ်ရှိ

**VOA ၊ နိုဝင်ဘာ ၈ ။** ။ ဒီအစည်းအဝေးကို ကျန်းမာရေးသိပ်မကောင်းတဲ့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တွေကလွဲရင် - အဖွဲ့ဝင် ၁၀ ဦး တက်ရောက်ခဲ့ပြီး - ဒီကနေ့ အစည်းအဝေးအတွင်း ဆုံးဖြတ်ခဲ့တာနဲ့ပတ်သက်လို့ ပါတီပြောခွင့်ရပုဂ္ဂိုလ် ဦးအုန်းကြိုင်က ဗွီအိုအေကိုပြောပါတယ်။

"ကျနော်တို့မနက်ကဗဟိုအလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးကို အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်ရဲ့နေအိမ်မှာရှိတဲ့ အစည်းအဝေးခန်းမမှာ မနက် ၁၀ နာရီကနေပြီးတော့ ၁၂ နာရီအထိ ကျင်းပပြီးစီးသွားပါပြီ။ အဲ့ဒီ အစည်းအဝေးကနေပြီးတော့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ပါတီမှတ်ပုံတင်ရေး - မတင်ရေး၊ ရွေးကောက်ပွဲဝင်ရေး - မဝင်ရေး ကိစ္စကို ဆွေးနွေးဆုံးဖြတ်ဖို့အတွက် နိုဝင်ဘာလ ၁၈ ရက်နေ့မှာ တည်ဆဲဗဟိုအဖွဲ့ဝင်များ အစည်းအဝေးကို ခေါ်ယူကျင်းပဖို့ဆုံးဖြတ်ပါတယ်။ နိုဝင်ဘာ ၁၈ ရက်နေ့မှာ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကို အဖွဲ့ချုပ်ဌာနချုပ်ရုံး ဗဟိုဦးစီးခန်းမမှာ ကျင်းပမှာဖြစ်ပါတယ်။ အဲ့ဒီမှာ ဆုံးဖြတ်မှာ ဖြစ်ပါတယ်ခင်ဗျ။"

ဒါကြောင့် နိုဝင်ဘာလ ၁၈ ရက်နေ့ကျရင် - တည်ဆဲဗဟိုအဖွဲ့ဝင်များအစည်းအဝေးကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်စုစုပေါင်း ၁၀၆ ဦး စလုံးနဲ့အရံဗဟိုကော်မတီဝင်တွေကိုပါသက်ဆိုင်ရာတိုင်းဥက္ကဋ္ဌတွေကနေတဆင့် ဒီကနေ့ကစပြီး ဖိတ်ကြားနေပြီဖြစ်တယ်လို့ ဦးအုန်းကြိုင်က ပြောခဲ့ပါတယ်။

ဒ့ါအပြင်မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ကလည်း - NLD မှတ်ပုံတင်ခြင်း - မတင်ခြင်းကိစ္စ ဆုံးဖြတ်ချက် မချခင် တိုင်းရင်းသားအဖွဲ့တွေကိုလည်း တွေ့ဆုံဖို့ဖိတ်ကြားထားတယ်လို့ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် SNLD ပြောခွင့်ရသူ ဦးစိုင်းလိတ်က ပြောပါတယ်။

"ဒေါ်အောင်ဆန်းစုကြည်နဲ့ ဆွေးနွေးဖို့ လိုပါသေးတယ်။ ဒေါ်အောင်ဆန်းစုကြည်ကလည်း ကျနော်တို့နဲ့ ဆွေးနွေးဖို့ ကမ်းလှမ်းထားတာရှိပါတယ်။ လောလောဆယ် ဆွေးနွေးဖို့ကို ရက်အတိအကျမသတ်မှတ်ရသေးဘူး။ အဲ့ဒီနောက်ပိုင်းမှပဲ ကျနော်တို့ ပြောလို့ရပါမယ်။ သူတို့ရဲ့ စီအီးစီ အစည်းအဝေးခေါ်ထားတာ ၁၈ ရက်နေ့လေ။ အဲ့ဒီ ၁၈ ရက်နေ့ မတိုင်ခင်မှာ ကျနော်တို့ တွေ့ဆုံ ဆွေးနွေးကြဖို့ရှိပါတယ်"

NLD ပါတီဟာ ၂၀၀၈ ဖွဲ့စည်းပုံထဲမှာပါဝင်တဲ့ ထောင်ဒဏ်ကျခံနေရသူဟာ နိုင်ငံရေးပါတီဝင် မဖြစ်ရဆိုတဲ့ ကန့်သတ်ချက်ကြောင့် မနှစ်က ၂၀၁၀ ရွေးကောက်ပွဲမတိုင်ခင် ပါတီမှတ်ပုံတင်ရမယ်ဆိုတာကို ငြင်းဆန်ခဲ့တာပါ။ ဒါကြောင့် အစိုးရကနေ NLD အပါအဝင်မှတ်ပုံတင်ခြင်းမရှိတဲ့ နိုင်ငံရေးပါတီတော်တော်များများကို တရားဝင်နိုင်ငံရေးပါတီအဖြစ်က ပယ်ဖျက်ခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေပြင်ဆင်ချက်တချို့ကို အစိုးရက ပြုလုပ်ခဲ့ပြီးနောက် နိုဝင်ဘာလ ၄ ရက်နေ့မှာပဲ သမ္မတဦးသိန်းစိန်က အတည်ပြုကြေညာခဲ့တာ ဖြစ်ပါတယ်။

ဒ့ါအပြင် ဒီကနေ့မှာပဲ-UNA ညီညွတ်သောတိုင်းရင်းသားများမဟာမိတ်အဖွဲ့ကလည်း ပဏာမအကြိုအစည်းအဝေးတခု ပြုလုပ်ခဲ့ပြီးတော့ နိုင်ငံရေးပါတီတရပ်အနေနဲ့ မှတ်ပုံတင်သင့် - မတင် သင့်ကိစ္စကို ဆွေး နွေးခဲ့ပါတယ်။ ဒါပေမဲ့ အဖွဲ့ဝင်အားလုံးမစုံသေးတဲ့အတွက်ဆုံးဖြတ်ချက်အတိအကျတော့ မချနိုင်သေးဘူးလို့ UNA အဖွဲ့ ဝင်ပါတီတခုဖြစ်တဲ့ SNLD မှ ပြောခွင့်ရသူ ဦးစိုင်းလိတ်က ဆက်ပြောပါတယ်။

"ဒီနေ့အစည်းအဝေးကတော့ ဦးနိုင်ငွေသိန်းရယ်၊ နောက် SNLD က အတွင်းရေးမှူးစိုင်းရွှေကြူးရယ်၊ နောက် UNLD က ဦးသာဘန်းပေ့ါနော်။ ဒီ ၃ ယောက်ပဲပါတယ်။ ဆိုတော့ အဖွဲ့ဝင်တွေ မစုံသေးတဲ့အတွက်ကြောင့် ဆုံးဖြတ်ချက်တော့ မချရသေးဘူး။ ပဏာမဆွေးနွေးတဲ့အဆင့်ပဲရှိပါသေးတယ်။ အလားအလာကတော့ အင်မတန်မှ နဲပါသေးတယ်ခင်ဗျ။ UNA တဖွဲ့လုံးအနေနဲ့ စုပေါင်းပြီး မှတ်ပုံ ဆက်တင်ဖို့ဆို တာမျိုးကတော့ မရှိပါဘူး။ တဖွဲ့ချင်းအနေနဲ့ တင်ချင်တဲ့ အနေအထားမျိုးရှိတယ်ဆိုရင်တောင်မှ UNA နဲ့ မဆိုင်ဘူးပေ့ါနော်"

UNA အဖွဲ့ဟာ ၁၉၉၀ ရွေးကောက်ပွဲတုန်းက လူထုထောက်ခံအားပေးမှုကိုရခဲ့တဲ့ တိုင်းရင်းသား နိုင်ငံရေးပါတီ ၁၃ ခုနဲ့ စုပေါင်းဖွဲ့စည်းထားတဲ့ အဖွဲ့ဖြစ်ပါတယ်။ ဒါပေမဲ့ SNLD ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ကတော့ခေါင်းဆောင်တွေမလွတ်မြောက်သေးတဲ့အတွက် ပါတီမှတ်ပုံတင်ဖို့ စဉ်းစားမှာမဟုတ်ကြောင်းနဲ့ NLD ပါတီမှတ်ပုံတင်ခြင်း-မတင်ခြင်းကိစ္စပေါ် SNLD ရဲ့ သဘောထားကို အခုလိုပြောခဲ့ပါတယ်။

"ကျနော်တို့ကတော့ တင်ဖို့ မစဉ်းစားပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ ကျနော်တို့ရဲ့ခေါင်းဆောင်တွေဖြစ်တဲ့ ဥက္ကဋ္ဌခွန်ထွန်းဦးနဲ့ အတွင်းရေးမှူးစိုင်းညွန့်လွင်က အကျဉ်းကျနေဆဲမို့လို့ သူတို့တွေလွတ်မြောက်လာခြင်းမရှိသေးပဲနဲ့ မှတ်ပုံတင်ဖို့ကစ္စကို ကျနော်တို့စဉ်းစားဦးမှာမဟုတ်ပါဘူး။ ကျနော်တို့ SNLD တခုတည်းရဲ့ သဘောထားဆိုရင်တော့ - NLD ရဲ့ ဆုံးဖြတ်ချက်ကို ဘာမှ ဝင်ရောက်ပြီး ဝေဖန်ချက်မပေးလိုပါဘူး။ ထိုက်သင့်သလို သူတို့လမ်းကြောင်းနဲ့ သူတို့ သွားမှာဖြစ်တဲ့အတွက်ကြောင့် ကျနော်တို့ကတော့ တူတာရှိရင် ပေါင်းလုပ်မယ်။ မတူတာရှိရင် ခွဲလုပ်မယ်ဆိုတဲ့ အနေအထားပဲရှိပါတယ်"

SNLD ပြောခွင့်ရသူ ဦးစိုင်းလိတ်ဖြစ်ပါတယ်။ SNLD ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးကတော့ ပူတာအိုအကျဉ်းထောင်မှာ ထောင်ဒဏ် ၉၃ နှစ်ကျခံနေရပြီး အတွင်းရေးမှူး စိုင်းညွန့်လွင်ကိုလည်း ထောင်ဒဏ် ၈၃ နှစ်ချမှတ်ခံထားရတာပါ။ ဒါကြောင့် ဒီခေါင်းဆောင်တွေရဲ့အမှုကိုပြန်လည်သုံးသပ်စစ်ဆေးပြီး သူတို့ လွတ်မြောက်ရေး မိသားစုဝင်တွေကနေ မကြာသေးခင်ကပဲ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော် မရှင်ကို လက်မှတ်ရေးထိုး တောင်းဆိုထားတာဖြစ်ပါတယ်ရှင်။

---

**အချုပ်အချာ အာဏာကို**
**ပြည်သူသာ ပိုင်ရမည်**

# မြန်မာနိုင်ငံမှာ ရွေးကောက်ပွဲအပြီး တနှစ်အကြာမှာ လူ့အခွင့်အရေး ဆိုးဝါးနေဆဲ

**VOA၊ နိုဝင်ဘာ ၇။** ။ မြန်မာနိုင်ငံမှာ ၂၀၁၀ နိုဝင်ဘာလ ၇ ရက် ရွေးကောက်ပွဲကျင်းပပြီးစီးခဲ့တာ တနှစ်ပြည့်ခဲ့ပြီမို့ သမ္မတဦးသိန်းစိန်လက်ထက်မှာ နိုင်ငံရေးအပြောင်းအလဲတချို့ မြင်ခဲ့ရပေမဲ့ မြန်မာနိုင်ငံရဲ့ လူ့အခွင့်အရေးအခြေအနေဟာ သိသိသာသာထူးခြားမလာသေးတဲ့အတွက် ကျန်တဲ့နိုင်ငံရေးအကျဉ်းသားအားလုံးလွှတ်ပေးဖို့နဲ့ တိုင်းရင်းသားလူမျိုးစုဒေသတွေက စစ်ပွဲတွေရပ်ဆိုင်းဖို့အပါအဝင် အဓိကပြဿနာတွေကို အစိုးရသစ်အဖွဲ့က သေသေချာချာ ကိုင်တွယ်ဖြေရှင်းဖို့ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေး စုံစမ်းစစ်ဆေးရေးမှူးသော မတ်စ်အိုဟေး ကင်တားနားက တိုက်တွန်းလိုက်ပါတယ်။ ဒီအကြောင်း အပြည့်အစုံကို ဒေါ်ခင်မျိုးသက်က ဆက်သွယ်မေးမြန်းပြီးတင်ပြထားပါတယ်။

မြန်မာနိုင်ငံမှာ စစ်အစိုးရလက်ထက်ကတည်းက နိုင်ငံရေးအကျဉ်းသား ၂,၀၀၀ ကျော် ရှိနေပြီး ၂၀၁၀ ရွေးကောက်ပွဲနဲ့တက်လာတဲ့ သမ္မတဦးသိန်းစိန်လက်ထက်မှာ လွတ်ငြိမ်းချမ်းသာခွင့်နဲ့ အကျဉ်းသားတွေလွှတ်ပေးခဲ့ပေမဲ့ ၂၀၀ ကျော်သာပါဝင်ခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ လူ့အခွင့်အရေးနဲ့စစ်မှန်တဲ့ ဒီမိုကရေစီရေးပြောင်းလဲမှုတွေ ရှိတယ်လို့ပြချင်ရင် ဒီနိုင်ငံရေးအကျဉ်းသားအားလုံးကို လွှတ်ပေးဖို့လိုအပ်တယ်လို့ ကုလသမဂ္ဂနဲ့နိုင်ငံတကာက ထောက်ပြနေသလို အခု မစ္စတာကင်တားနားကလည်း ရွေးကောက်ပွဲ တစ်နှစ်ပြည့်ချိန်မှာ မြန်မာအစိုးရအနေနဲ့နိုင်ငံရေးအကျဉ်းသားကိစ္စကိုသေသေချာချာကိုင်တွယ်ဖို့အတွက် တောင်းဆိုလိုက်ပါတယ်။

"မြန်မာနိုင်ငံမှာ ရွေးကောက်ပွဲကျင်းပခဲ့တာ တစ်နှစ်ပြည့်တဲ့အချိန်မှာ ကျနော့်အနေနဲ့ အထူးအလေးပေးပြောကြားလိုတာက မြန်မာအစိုးရအနေနဲ့ လူ့အခွင့်အရေးကိစ္စရပ်တွေကို လေးလေးနက်နက်ဖြေရှင်းပေးဖို့ဖြစ်ပါတယ်။ နိုင်ငံရေးအကျဉ်းသားတွေနဲ့ပတ်သက်လို့ လောလောဆယ်မှာ အခြေအနေက တော်တော်လေး စိုးရိမ်စရာဖြစ်ပါတယ်။ နိုင်ငံရေးအကျဉ်းသားတချို့ အစာငတ်ခံဆန္ဒပြနေတာ၊ တချို့နိုင်ငံရေးအကျဉ်းသားတွေ လက်ရှိမှာ အသက်ရှင်နေထိုင်ဖို့ ရုန်းကန်နေရတာတွေ တွေ့ရတာမို့ တစ်နှစ်ပြည့်တဲ့ ခုလိုအချိန်မျိုးမှာ မြန်မာအစိုးရအနေနဲ့ လူ့အခွင့်အရေးအခြေအနေ တိုးတက်ကောင်းမွန်စေဖို့ အဖြေရှာဖို့တိုက်တွန်းပါတယ်။"

မြန်မာနိုင်ငံမှာ ကြားဖြတ်ရွေးကောက်ပွဲကို မကြာခင်မှာကျင်းပဖို့ပြင်ဆင်နေတာမို့ မြန်မာနိုင်ငံရဲ့ အနာဂတ်နိုင်ငံရေးမှာ ဘက်ပေါင်းစုံက ပါဝင်နိုင်အောင် ဒီကြားဖြတ်ရေးကောက်ပွဲမတိုင်ခင် နိုင်ငံရေးအကျဉ်းသားအားလုံးကို လွှတ်ပေးဖို့နဲ့အထူးသဖြင့် နိုင်ငံတကာက စောင့်ကြည့်နေတဲ့ကာလမှာ မြန်မာအစိုးရသစ်အနေနဲ့ထင်သာမြင်သာပွင့်လင်းမှုရှိဖို့အတွက် တိုက်တွန်းလိုက်ပါတယ်။

"ကြားဖြတ်ရွေးကောက်ပွဲတွေ ဘယ်တော့ကျင်းပပေးမယ်ဆိုတာ မကြေညာသေးတော့ ရက်အတိအကျမသိရသေးပါဘူး။ အခုလိုလူတွေ တစောင့်စောင့်နဲ့ဖြစ်နေတဲ့ အနေအထားမျိုးက ပြဿနာကိုအဖြေရှာတဲ့နည်းမဟုတ်ပါဘူး။ ကျနော်အပါအဝင်နိုင်ငံတကာက အစစအရာရာ အကူအညီပေးဖို့ပူးပေါင်းဆောင်ရွက်ဖို့ အဆင်သင့်ရှိတဲ့အခါမျိုးမှာ မြန်မာအစိုးရဘက်က ချမှတ်မယ့်ဆုံးဖြတ်ချက်တွေဟာ ထင်သာမြင်သာရှိဖို့လိုပါတယ်။ နိုင်ငံရေး မကစားသင့်ပါဘူး။ ဘာဖြစ်မယ်၊ ဘာတွေလုပ်ဆောင်မယ်ဆိုတာ အခု ဘယ်သူမှအတိအကျ မသိကြပါဘူး။ လူ့အခွင့်အရေးကို လေးစားလိုက်နာရာမှာ မြန်မာအစိုးရဘက်က ဘယ်လိုခြေလှမ်းတွေကို ယူမယ်ဆိုတာလည်း အတိအကျ မသိရသေးဘဲ အဲဒီအထဲမှာ နိုင်ငံရေးအကျဉ်းသားတွေ ပြန်လွှတ်ပေးဖို့၊ တိုင်းရင်းသားတွေအပေါ် မြန်မာစစ်တပ်က တိုက်ခိုက်မှုတွေ ရပ်ဆိုင်းဖို့၊ အထူးသဖြင့် နယ်စပ်ဒေသတွေက ဆိုးရွားတဲ့အခြေအနေတွေအတွက်အဖြေရှာဖို့ အစိုးရကို တိုက်တွန်းချင်ပါတယ်။"

နယ်စပ်ဒေသတွေမှာ တိုက်ပွဲတွေ ဆက်ပြီး ဖြစ်ပွားနေတာဟာ အရင်စစ်အစိုးရလက်ထက်ကပုံစံမျိုးဆက်ပြီးဖြစ်နေတာကိုပြနေတာမို့ ရွေးကောက်ပွဲနဲ့တက်လာတဲ့ အစိုးရသစ်အနေနဲ့ စစ်တပ်ကိုပါ နိုင်နိုင်နင်းနင်း ကိုင်တွယ်သင့်တယ်လို့လည်း ဆိုပါတယ်။

"နယ်စပ်ဒေသတွေမှာ မြန်မာစစ်တပ်ရဲ့ ထိုးစစ်ဆင်မှုတွေကို ရပ်တန့်ဖို့ ဆုံးဖြတ်ချက်တွေကို အစိုးရဘက်က ပြုလုပ်နိုင်ခြင်းမရှိတာကိုက ဒီလိုမျိုးဆုံးဖြတ်ချက်တွေ ချမှတ်ရာမှာ စစ်တပ်က အဓိကချုပ်ကိုင် နေတယ်လို့ မြင်ပါတယ်။ ဒါမျိုးအခြေအနေတွေဟာ ဒီမိုကရေစီနည်းအရရော၊ အရပ်သားအစိုးရအနေနဲ့ရော မဖြစ်သင့်ပါဘူး။ ဒီမိုကရေစီအစိုးရဆိုရင် စစ်တပ်အပေါ် လွှမ်းမိုးနိုင်မှု ရှိရမှာဖြစ်ပါတယ်။ ဒီအ ခြေအနေတွေဟာ မြန်မာနိုင်ငံမှာ မပြောင်းလဲသေးတာကိုတွေ့ရတယ်လို့ဆိုရမှာပါ။ ဒါကြောင့် လွှတ်တော်မှာရောက်နေတဲ့နိုင်ငံရေးသမားတွေအနေနဲ့ အစိုးရကောင်းတရပ်ဖြစ်ဖို့ကူညီလိုရင် အဲဒီလိုဆုံးဖြတ်ချက်မျိုးချနိုင်ဖို့အရပ်သားအစိုးရကို တိုက်တွန်းကြဖို့လိုပါတယ်။ တိုင်းရင်းသားတွေအပေါ်မှာ အကြမ်းဖက်မှုတွေကို စစ်တပ်ကအဆုံးသတ်ပေးဖို့လိုပါတယ်။ပြဿနာတွေက အမျိုးမျိုးရှိပေမဲ့ ကျနော့်အနေနဲ့ မြန်မာအစိုးရကို တိုက်တွန်းလိုတာကတော့ နယ်စပ်မှာရှိတဲ့အရပ်သားတွေကို အကာအကွယ်ပေးဖို့ဆောင်ရွက်ဖို့ပါ။ လက်ရှိမှာတော့ အဲဒီဒေသတွေဟာ မြန်မာစစ်တပ်ရဲ့လက်ထဲမှာပဲ ရောက်နေရတာကိုတွေ့ရပါတယ်။"

သမ္မတ ဦးသိန်းစိန်အစိုးရအနေနဲ့ နိုင်ငံရေးအကျဉ်းသားအရေးအတွက် စစ်ပေးနေတယ်လို့ ပြောခဲ့တာမို့ နိုင်ငံရေးအကျဉ်းသားတွေနဲ့ပတ်သက်ပြီး စိတ်ဝင်စားတာကို ပြသတဲ့အတွက် ဝမ်းသာပေမဲ့ ၈၈ မျိုးဆက်ကျောင်းသားတွေ၊ ၂၀၀၇ ခုနှစ် ရွှေဝါရောင်အရေးအခင်းမှာ ဦးဆောင်သူတွေ၊ တိုင်းရင်းသားခေါင်းဆောင်တွေ လာမယ့်ကြားဖြတ်ရွေးကောက်ပွဲမှာ ပါဝင်ခွင့်ရစေဖို့အတွက် အရေးကြီးတာမို့ ဒီနှစ်မကုန်ခင် ကြားဖြတ်ရွေးကောက်ပွဲမတိုင်ခင် အားလုံးကို တန်းတူလွှတ်ပေးနိုင်မယ်လို့ မျှော်လင့်ထားကြောင်းလည်း မစ္စတာကင်တားနားက ပြောကြားခဲ့ပါတယ်။

---

**အမှန်တရားသည်**
**အောင်မြင်ရာ၏**

# မြန်မာနိုင်ငံပြုပြင်ပြောင်းလဲရေး ရှေ့ဆက်တိုးဖို့အချိန်လို

**VOA ၊ နိုဝင်ဘာ ၁၁ ။** ။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟီလာရီကလင်တန်က မြန်မာအစိုးရအနေနဲ့ ပြည်သူလူထု အကျိုးအတွက် အနှစ်သာရရှိတဲ့ ရေရှည်တည်တံ့မယ့် ပြုပြင်ပြောင်းလဲရေးတွေကိုဖော် ဆောင်မယ်ဆိုရင် အမေရိကန်ပြည်ထောင်စုကိုမိတ်ဖကနိုင်ငံအဖြစ်တွေ့မြင်ရမှာပါလို့ ပြောဆိုလိုက်ပါတယ်။ သမ္မတဦးသိန်းစိန်ရဲ့နိုင်ငံရေးအကြံပေးကတော့ အရပ်သား အစိုးရတက်လာပြီးတဲ့ ၇ လတာကာလအတွင်းမှာ အနှစ် ၅၀ ကြာ ရှင်းမရခဲ့တဲ့နိုင်ငံရေးကို အပြုသဘောနဲ့ အပြောင်းအလဲကို ရှေ့ရှုပြီးတော့ ဖြေရှင်းနေပါကြောင်း၊ ကျန်နေသေးတဲ့နိုင်ငံရေး အကျဉ်းသားတွေအနေနဲ့လည်း လွတ်လာပြီးတဲ့ နိုင်ငံရေးအကျဉ်းသားတွေနည်းတူပဲ အမြန်ဆုံးအခွင့်အရေး ရရှိမယ်လို့ယူဆရတဲ့အကြောင်း၊ တိုင်းရင်းသားဒေသတွေက ပြဿနာတွေကို တွေ့ဆုံဆွေးနွေးမှုတွေနဲ့ အတတ်နိုင်ဆုံးညှိနှိုင်းနေပါကြောင်း ဗွီအိုအေကို ပြောဆိုလိုက်ပါတယ်။ အပြည့်စုံကို ဒေါ်ခင်စိုးဝင်းကတင်ပြထားပါတယ်။

APEC ခေါ် အာရှပစိဖိတ်ဒေသ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးညီလာခံအကြိုအဖြစ်နဲ့ ဟာဝိုင်အီကျွန်းစု ဟိုနိုလူလူမြို့ East park Centre တက္ကသိုလ်မှာ ဝန်ကြီးကလင်တန်မိန့်ခွန်းပြောဆိုခဲ့ရာမှာ အမေရိကန်ရဲ့ အာရှနိုင်ငံတွေအပေါ်ရပ်တည်တဲ့ မူဝါဒနဲ့ပတ်သက်ပြီး မှတ်ချက်ပေးပြောဆိုခဲ့ပါတယ်။ အမေရိကန်ပြည်ထောင်စုဟာ အာရှနိုင်ငံတွေမှာ ပွင့်လင်းတဲ့စီးပွားရေးရာသာမက ပွင့်လင်းတဲ့ လူ့ဘောင်အသိုင်းအဝိုင်းကို တည်ဆောက်ဖို့ပါ အားပေးထောက်ခံ နေပြီးတော့ဒီမိုကရေစီနဲ့လူ့အခွင့်အရေးလို ကိစ္စတွေမှာ သဘောထားမတူညီတဲ့ နိုင်ငံတွေ နဲ့လည်း ထဲထဲဝင်ဝင် ဆက်ဆံနေပြီး ပြုပြင်ပြောင်းလဲရေး အတွက် တွန်းအားပေးတဲ့ထဲမှာ မြန်မာနိုင်ငံက လည်း အပါအဝင် ဖြစ်ပါတယ်လို့ အခုလို သွားဆိုသွားတာပါ။

"မြန်မာနိုင်ငံမှာ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးနဲ့ လူ့အခွင့်အရေးတိုးတက်အောင် အမေရိကန်ပြည်ထောင်စုက တစိုက်မတ်မတ်အားပေးခဲ့ပါတယ်။ ဒါကြောင့် ဆယ်စုနှစ်တွေနဲ့ချီ မတွေ့ခဲ့ရတဲ့အပြောင်း အလဲတွေကို အခုပထမဆုံးအနေနဲ့ လှုပ်လှုပ်ရှားရှားမျက်ဝါးထင်ထင်တွေ့ နေရပါတယ်။ အပြောင်းအလဲတွေတွေ့နေရပြီ ဆိုပေမဲ့ မြန်မာနိုင်ငံရဲ့အနာဂတ်အတွက်မေးခွန်းထုတ်စရာတွေ အများကြီးရှိနေဆဲပါပဲ။ နိုင်ငံရေးအကျဉ်းသားတွေ ဆက်လက်ထိန်းသိမ်းထားတာ၊ ပြုပြင်ပြောင်း လဲရေး လုပ်တယ်ဆို တဲ့နေရာမှာ တိုင်းရင်းသား ဒေသတွေမှာ ငြိမ်းချမ်းရေးနဲ့ပြန်လည် ရင်ကြားစေ့ရေး အတွက် သက်ဆိုင်သူအားလုံး ပါဝင်ရေးဆိုတဲ့အချက်တွေ မေးခွန်းထုတ်စရာ ရှိနေသေးတယ်၊ပြည်သူလူထုအကျိုးအတွက် အနှစ်သာရရှိတဲ့ ရေရှည်တည်တံ့မယ့် ပြုပြင်ပြောင်းလဲမှုတွေ ဖော်ဆောင်သွားမယ်ဆိုရင် အမေရိကန်ပြည်ထောင်စုကို မိတ်ဖက်နိုင်ငံအဖြစ်နဲ့ တွေ့မြင်ရမှာပါ။" လို့ ပြောဆိုသွားတာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ပြောင်းလဲရေးတွေ ရေရှည်တည်တံ့မှာလား။ အပေါ် ယံကြောပဲ ပြောင်းလဲနေတာလား ဆိုတာနဲ့ပတ်သတ်လို့ သမ္မတဦးသိန်းစိန်ရဲ့နိုင်ငံရေးအကြံပေးပုဂ္ဂိုလ် ဒေါက်တာနေဇင်လတ်က အခုလို မှတ်ချက်ပေးပါတယ်။

"အဟောင်းကနေ အသစ်ကူးတဲ့အခါမှာ ကျနော်တို့ အချိန်တစ်စုံတရာအတိုင်းအတာလိုပါတယ်ခင်ဗျ။ နိုင်ငံတစ်ခု ပြုပြင်ပြောင်းလဲမှုလုပ် တယ်ဆိုရင် အဦးဆုံးကတော့ နိုင်ငံရေးကိုစပြီးဖွင့်လိုက်တာမျိုးပေါ့နော်။ ပြီးတော့မှ တခြား sectors တွေကိုသွားတာပေါ့။ အခုspeed အရကြည့်မယ်ဆိုရင်ပဲ အခု အစိုးရတက်လာတာ ၇ လပိုပိုလောက်ပဲ ရှိသေးတယ်ပေါ့နော်။ အဲ့ဒီ ၇ လပိုပိုမှာကို ကျနော်တို့ နှစ် ၅၀ လောက် ရှင်းမရခဲ့တဲ့ နိုင်ငံရေးအရွေ့က တကယ့်အပြုသဘောအများကြီး အပေါင်းလက္ခဏာဆောင်တဲ့ ဘက်ကိုရွေ့သွားပြီးပြီပေါ့။ အခုကျနော်တို့ချထားတဲ့ မူဝါဒတွေဆိုတာကလည်းတကယ့် sustain able reform နဲ့ sustainable evelopment ကို ရှေ့ရှုတဲ့ဟာတွေ ဖြစ်ပါတယ်။"

ဝန်ကြီးကလင်တန်က မြန်မာနိုင်ငံရဲ့ အနာဂတ်အတွက်မေးခွန်းထုတ်စရာတွေ အများကြီးရှိတဲ့ထဲမှာ နိုင်ငံရေးအကျဉ်းသားတွေဆက်လက် ထိန်းသိမ်းထားတာနဲ့ ပတ်သက်လို့တော့ ဒေါက်တာနေဇင်လတ်က သူ့ရဲ့ထင်မြင်ချက်ကို အခုလိုပြောပြပါတယ်။

"နိုင်ငံရေးအကျဉ်းသားတွေကလေ တွေးကြည့်လို့ရတာလေးတွေရှိတယ်ဗျ။ မှန်းကြည့်လို့ရတာလေးတွေ ရှိတယ်ပေါ့။ ကျနော်တို့ကတော့ ဘယ်အချိန် ဘယ်ကာလ ဘယ်လိုဆိုတဲ့ ကိစ္စရပ်မျိုးကိုတော့ ကျနော်တို့က အတိအကျပြောပိုင်ခွင့်ရှိတဲ့သူတွေတော့မဟုတ်ဘူးလေ။ သို့သော်လည်း ဥပမာအားဖြင့်ပေါ့ဗျာ နိုင်ငံရေးကြောင့် အကျဉ်းသားအဖြစ် ခံစားရတဲ့အခါမှာ တချို့ကလွတ်လာပြီးတချို့က ကျန်တယ်ဆိုလို့ရှိရင်တော့ ကျန်တဲ့လူတွေမှာလည်း ဒီအခွင့် အရေးက ရှိနိုင်တယ်လေ။ ရှိရမှာပေါ့။ အဲဒီအတွက်ကြောင့်မို့လို့ လွတ်လာပြီးတဲ့လူတွေ ထဲကတချို့တဝက်ဆိုရင် သူတို့နဲ့အလားတူပေါ့ဗျာ။ အခုလို အကျဉ်းကျခံနေရတဲ့လူတွေရဲ့ အနာဂတ်ကလည်း ပထမလူတွေနဲ့ အတူတူတော့ ဖြစ်ပါလိမ့်မယ်ခင်ဗျ။ သူတို့ရဲ့အနာဂတ်ကလည်း ကျနော်ထင်တယ် အမြန်ဆုံးပေါ့ဗျာ၊ အမြန်ဆုံး ပထမလူတွေနဲ့ အတူတူပဲ ဖြစ်ပါလိမ့်မယ်။ တတ်နိုင်သမျှတော့ ကျနော်ထင်ပါတယ် စောနိုင်ပါလိမ့်မယ်။"

ဝန်ကြီးကလင်တန်ရဲ့ မေးခွန်းတွေထဲက နောက်တစ်ချက်ကတော့ မတည်မငြိမ်ဖြစ်နေတဲ့ တိုင်းရင်းသားဒေသတွေမှာ ငြိမ်းချမ်းရေးနဲ့ ပြန်လည်ရင်ကြားစေ့ရေးဟာလည်း အဓိက ပါဝင်နေတယ်ဆိုတာနဲ့ ပတ်သတ်လို့ ဒေါက်တာနေဇင်လတ်ရဲ့ ဖြေရှင်းချက်က ဒီလိုပါ။

"ကျနော်တို့ ၁၉၄၈ ခုနှစ် လွတ်လပ်ရေး ရပြီးကတည်းက စခဲ့တဲ့ ပြဿနာတွေဖြစ်တဲ့အတွက်ကြောင့်မို့လို့ သူတို့အတွက်ကတော့အချိန်လေးနည်းနည်းလေးပိုလိုပါလိမ့်မယ်။ အခုလည်းညှိနှိုင်းတဲ့ကိစ္စရပ်တွေ လုပ်တဲ့အခါမှာ တိုးတက်မှု တစ်စုံတရာရနေတယ် ဆိုတာကိုလည်း ကျနော်တို့ သိနေရပါတယ်ခင်ဗျ။"

လာမယ့်တနင်္ဂနွေနေ့ ၁၃ ရက်နေ့မှာ အဖွဲ့ဝင် ၂၁ နိုင်ငံပါဝင်တဲ့ APEC ထိပ်သီးညီလာခံကြီးကို သမ္မတအိုဘားမားက အိမ်ရှင်အဖြစ် ဟာဝိုင်အီကျွန်းမှာ လက်ခံကျင်းပပေးမှာဖြစ်ပြီးတော့ အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီကျွန်းမှာ ရှေ့သီတင်းပတ်အကုန်မှာကျင်းပမယ့် အရှေ့အာရှထိပ်သီးညီလာခံကို သမ္မတအိုဘားမား တက်ရောက်ဖို့ရှိပါတယ်။

သမ္မတအိုဘားမားဟာ အမေရိကန်သမ္မတတစ်ဦးအနေနဲ့ ပထမဆုံး အရှေ့အာရှ ထိပ်သီးညီလာခံကိုတက်ရောက်မှာဖြစ်တယ်လို့ ဝန်ကြီးကလင်တန်က ပြောဆိုလိုက်ပါတယ်။ ဒီထိပ်သီးညီလာခံကို မြန်မာအစိုးရသမ္မတ ဦးသိန်းစိန်လည်း တက်ရောက်ဖို့ရှိပါတယ်။

# မြန်မာနှင့် တရုတ် လူ့အခွင့်အရေး တိုးတက်ဖို့ ဝန်ကြီးကလင်တန် တိုက်တွန်း

**VOA ၊ နိုဝင်ဘာ ၁၀ ။** ။ ကမ္ဘာ့စီးပွားရေးနဲ့ မဟာဗျူဟာ ကျတဲ့ ဗဟိုချက်ဟာ ကမ္ဘာ့အရှေ့ပိုင်းကို ရွှေ့လျားလာတာနဲ့အတူ အာရှ-ပစိဖိတ်ဒေသအပေါ် အမေရိကန်ပြည်ထောင်စုက ပိုပြီး အာရုံစိုက်သွားမယ်လို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က ပြောလိုက်ပါတယ်။

အမေရိကန် ပြည်ထောင်စု ဟာဝိုင်အီကျွန်းမှာ ကျင်းပတဲ့ APEC လို့ခေါ်တဲ့ အာရှ-ပစိဖိတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ရဲ့ ထိပ်သီးဆွေးနွေးပွဲကို မတက်ရောက်ခင်မှာ အခုလိုပြောခဲ့တာပါ။ အဲဒီဆွေးနွေးပွဲတွေကို တနင်္ဂနွေနေ့အထိ ကျင်းပသွားမှာဖြစ်ပြီး သမ္မတဘားရက်အိုဘားမားက အိမ်ရှင်အဖြစ် တာဝန်ယူကျင်းပပေးမှာပါ။

မြန်မာနိုင်ငံမှာ အပြောင်းအလဲတွေ မြင်တွေ့နေရပေမဲ့လည်း လူ့အခွင့်အရေး ချိုးဖောက်မှုတွေလို အကဲစမ်းမှုတွေ ရှိနေသေးတာကြောင့် အမေရိကန်ပြည်ထောင်စုက ဆက်ပြီး ကူညီဖြေရှင်း သွားမယ်လို့ ဝန်ကြီးကလင်တန်က ပြောပါတယ်။ တရုတ်နိုင်ငံနဲ့ ပတ်သက်ပြီး တရုတ်ဘက်က ချထားတဲ့ ယမ်ငွေတန်ဘိုးကို မြှင့်ပေးခြင်း အားဖြင့် ကုန်သွယ်ရေးလုပ်တဲ့နေရာမှာ ကြုံနေရတဲ့ အခက်အခဲတွေကို ဖယ်ရှားဖို့ ဝန်ကြီး ကလင်တန်က တရုတ်ကို တိုက်တွန်းလိုက်ပါတယ်။

လူ့အခွင့်အရေးကိစ္စမှာလည်း တိုးတက်လာအောင်လုပ်ဖို့ တရုတ်ကို တိုက်တွန်းပါတယ်။ တရုတ်ဘက်ကသာ အပြောင်းအလဲတွေကို လုပ်လာခဲ့မယ်ဆိုရင် တရုတ်နဲ့ တခြားနိုင်ငံတွေနဲ့ဆက်ဆံရေးအတွက် တည်ငြိမ်မှုနဲ့ တိုးတက်မှုတွေဖြစ်လာအောင်ခိုင်မာတဲ့ အုတ်မြစ်ချလိုက်သလို ဖြစ်သွားမယ်လို့လည်း ဆိုပါတယ်။

အမေရိကန်ကုမ္ပဏီတွေအနေနဲ့ တရုတ်ဈေးကွက်ထဲကို ကုန်ပစ္စည်းတွေ တင်ပို့တဲ့အခါ မျှတတဲ့ အခွင့်အလမ်းတွေကို လိုချင်တယ်။ ဈေးကွက်ပြိုင်ဆိုင်မှုမှာလည်း တဘက်နဲ့တဘက် တန်းတူယှဉ်ပြိုင်ရသလိုဖြစ်ချင်တယ်လို့ ဝန်ကြီးကလင်တန်က ပြောပါတယ်။ သူဟာဟာဝိုင်အီကနေတဆင့် ဖိလစ်ပိုင်နဲ့ ထိုင်းနိုင်ငံတွေကိုလည်း သွားဦးမှာဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းမှာကျင်းပတဲ့ အရှေ့အာရှ ထိပ်သီးညီလာခံကိုလည်း တက်ရောက်မှာဖြစ်ပါတယ်။

---

# မြန်မာနိုင်ငံမှာ ကားစက်ရုံဆောက်မည်

**RFA ၊ နိုဝင်ဘာ ၉ ။** ။ မလေးရှားနိုင်ငံ အခြေစိုက် Asia Motor ကားကုမ္ပဏီဟာ အမေရိကန် ဒေါ်လာ ၄၄ သန်း ကုန်ကျမယ့် ကားစက်ရုံတစ်ခု မြန်မာနိုင်ငံမှာ တည်ဆောက်ဖို့ ပြင်နေတယ်လို့သိရပါတယ်။

မလေးရှား မော်တော်ယာဉ် ပစ္စည်း အရောင်းပြခန်းတစ်ခုလည်း မြန်မာနိုင်ငံမှာ လာရောက်ဖွင့်ဖို့ရှိပြီး ကားပစ္စည်းတွေကို ဈေးနှုန်းသက်သက်သာသာနဲ့ ရောင်းချမယ်လို့ ပြည်တွင်းထုတ် ပေါ်ပြူလာသတင်းဂျာနယ်ကို ကိုးကားပြီး တရုတ်အစိုးရ ဆင်ဟွါသတင်းက ရေးပါတယ်။

Asia Motor ကားကုမ္ပဏီဟာ နှစ်စဉ် မော်တော်ကားစီးရေ ၃ သိန်း ထုတ်လုပ်ပြီး နိုင်ငံပေါင်း ၂၇ နိုင်ငံကို တင်ပို့ရောင်းချနေတဲ့ကုမ္ပဏီတစ်ခုပါ။ တစ်ချိန်ထဲမှာပဲ မြန်မာအာဏာပိုင်တွေဟာ ရန်ကုန်မြို့တွင်း ပြေးဆွဲနေတဲ့ အငှါးတက္ကဆီ ၂၀၀ ခန့်ကို မလေးရှားနိုင်ငံထုတ် ပရိုတွန်ကားတွေနဲ့ အစားထိုးသွားဖို့ရှိတယ်လို့ဆိုပါတယ်။ မလေးရှားအခြေစိုက် ပရိုတွန်မော်တော်ကား ကုမ္ပဏီဟာကား အမျိုးအစား ၁၂ မျိုးခန့် နှစ်စဉ်ထုတ်လုပ်ပြီး နိုင်ငံပေါင်း ၂၅ နိုင်ငံကျော်ကို တင်ပို့ရောင်းချနေတယ်လို့ သိရပါတယ်။

ပြီးခဲ့တဲ့ရက်ပိုင်းက မလေးရှား ဝန်ကြီးချုပ်ဟောင်း မဟာသီယာမိုဟာမက် မြန်မာနိုင်ငံကိုရောက်လာတဲ့အခါ ရာဘာထုတ်လုပ်ရေး၊ စာအုန်းဆီထုတ်လုပ်ရေးနဲ့ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတွေမှာ ပူးပေါင်းလုပ်ဆောင်ရေးဆိုင်ရာ စာချုပ်တွေ မလေးရှားနဲ့ မြန်မာလုပ်ငန်းရှင်တွေအကြား ချုပ်ဆိုခဲ့ပါတယ်။

မြန်မာအစိုးရစာရင်းအင်းတွေအရ ၂၀၁၀-၁၁ ကုန်သွယ်ရေးနှစ်အတွင်း မလေးရှား မြန်မာကုန်သွယ်မှု တန်ဖိုးဟာ အမေရိကန် ဒေါ်လာ သန်း ၆၀၀ နီးပါး ရှိခဲ့ပါတယ်။

---

# ဥက္ကဋ္ဌနေရာ အာဆီယံထောက်ခံဖို့များ

**RFA ၊ နိုဝင်ဘာ ၈ ။** ။ အာဆီယံ ထိပ်သီးညီလာခံကို ၂၀၁၄ ခုကျရင် မြန်မာနိုင်ငံမှာ အလှည့်ကျ ကျင်းပဖို့ အာဆီယံ ခေါင်းဆောင်အများစုက ထောက်ခံမဲ့ သဘော ရှိတယ်လို့ အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီးက ဒီကနေ့ ပြောဆိုလိုက်ပါတယ်။

ဒီနှစ် မေလမှာကျင်းပတဲ့ အာဆီယံ ထိပ်သီးညီလာခံနဲ့ ဇူလိုင်လမှာကျင်းပတဲ့ နိုင်ငံခြားရေးဝန်ကြီးဆွေးနွေးပွဲတွေမှာ မြန်မာကို အာဆီယံဥက္ကဋ္ဌနေရာပေးရေးကိစ္စ အပြုသဘော တုံ့ပြန်ချက်တွေကိုရခဲ့တယ်လို့ မာတီ နာတာလီဂါဝါက ပြောပါတယ်။ မြန်မာနိုင်ငံမှာ အပြောင်းအလဲတွေ ဆက်လက်ဖြစ်ပေါ်လာဖို့ အင်ဒိုနီးရှားအနေနဲ့ ထောက်ခံအားပေးသွားမယ်လို့ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးရဲ့ပြောခွင့်ရပုဂ္ဂိုလ် Michael Tene က အာရ်အက်ဖ်အေကို ပြောပါတယ်။

ပြုပြင်ပြောင်းလဲမှုတွေကို မြန်မာအစိုးရက ဆောင်ရွက်နေတယ်ဆိုတာ အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီးအနေနဲ့ အသိအမှတ်ပြုပါတယ်။ သိသာထင်ရှားတဲ့ တိုးတက်မှုတွေအဖြစ်နဲ့လည်း ကြိုဆိုပါတယ်။ ဒီလိုပြောင်းလဲမှုတွေ ဆက်လက်ဆောင်ရွက်သွားဖို့ အင်ဒိုနီးရှားအနေနဲ့အားပေးထောက်ခံပါတယ်လို့ Michael Tene ပြောသွားပါတယ်။

၂၀၁၄ မှာ မြန်မာကို အာဆီယံဥက္ကဋ္ဌနေရာပေးရေးကိစ္စနဲ့ပတ်သက်လို့ မြန်မာနိုင်ငံကို နောက်တစ်ကြိမ် ထပ်ပြီးသွားမသွားဆိုတာကိုတော့ အခုချိန်မှာ အတိအကျမဖြေနိုင်သေးဘူးလို့ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး မာတီနာတာလီဂါဝါက သတင်းထောက်တွေကိုပြောပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ်က မြန်မာနိုင်ငံကို သွားခဲ့တဲ့ ခရီးစဉ်အတွင်းမှာ အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီးဟာ လွှတ်တော်ဥက္ကဋ္ဌ အပါအဝင် သမ္မတဦးသိန်းစိန်အစိုးရအဖွဲ့တိုနဲ့တွေ့ဆုံခဲ့ပြီး၊ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်တို့နဲ့ တွေ့ဆုံခဲ့ပါတယ်။

# အစိုးရတပ်မှ ဓာတုလက်နက်သုံးကြောင်း ကေအိုင်အိုပြောဆို

**RFA ၊ နိုဝင်ဘာ ၁၁ ။ ။** မိုးမောက်မြို့နယ်အတွင်း ဖကွန်ကျေးရွာ အနီးက တောင်ကုန်းကို မနေ့က တိုက်ခိုက်ရာမှာ အစိုးရတပ်က ဓာတုအဆိပ်ငွေ့ပါတဲ့လက်နက်တွေကို ပိုမိုအသုံးပြုလာတယ်လို့ ကေအိုင်အိုပြောရေးဆိုခွင့်ရှိသူ ဦးလနန်က ပြောပါတယ်။

"တပ်ဖွဲ့တွေကတော့ ခလရ ၂၃၇ နဲ့ ခမရ ၃၂၀ မနက် ၉ နာရီခွဲလောက်မှာ တိုက်ပွဲကစတယ်။ သူတို့ပစ်တဲ့ လက်နက်ကြီးတိုင်းမှာ တော်တော်များများ အဲလို လက်နက်တွေသုံးကြတယ်။ ကျွန်တော်တို့ အဖွဲ့တွေက အခါတိုင်း ရိုးရိုးပုံစံဖြစ်နေတော့ မှတ်စက်တွေ တပ်မသွားဘူး။ ဗိုလ်ကလေးတစ်ယောက်ကတော့ တော်တော်လေး ဆိုးဆိုးဝါးဝါးဖြစ်တော့ နောက်တန်းကို ပြန်ပို့ထားတာရှိတယ်။ အခု တော့ ဖြစ်တဲ့ဖြစ်စဉ် သက်သေပစ္စည်းတွေကိုတော့ စုတော့ စုခိုင်းထားတယ်။"

ဖကွန်ကျေးရွာဟာ ကေအိုင်အို တပ်မဟာ ၃ ဆန်ဂန် တပ်စခန်းရဲ့ အထက်ဘက်မှာ ရှိပါတယ်။ နှစ်ဘက်ရင်ဆိုင် တိုက်ပွဲမှာ ကေအိုင်အေတပ်တွေရှိတဲ့ဘက်ကိုပစ်တဲ့ လက်နက်ကြီး ကျည်ဆံတွေထဲမှာ အဲဒီ ဓာတုလက်နက်တွေ ပါလာတာ ဖြစ်ပါတယ်။

အဲဒီ လက်နက်ကျည်ဆံကျတဲ့အခါ တခြားလက်နက်တွေလို အသံမြည်တာမတူတဲ့အပြင် မီးခိုးထွက်တာလည်း မတူဘူးလို့သိရပါတယ်။ ဗိုလ်တစ်ယောက်အပါအဝင် ရဲဘော် လေးငါးယောက်လောက်ဟာ မူးမေ့အော့အန်ပြီး လမ်းမလျှောက်နိုင်တော့ ဘူးလို့ဆိုပါတယ်။ နောက်ပိုင်း အဲဒီဓာတုအငွေ့တွေ ဒဏ်ခံနိုင်ဖို့ ဓာတ်ငွေ့ကာ မျက်နှာဖုံးတွေကို ကေအိုင်အိုက ရှေ့တန်းစခန်းတွေကို ဖြန့်ဝေထားတယ်လို့ ဦးလနန်က ပြောပါတယ်။

အောက်တိုဘာလ ၂၉ ရက်နေ့ကလည်း ဝိုင်းမော်မြို့နယ် ဂါးရာယန်ကျေးရွာအနီးမှာရှိတဲ့ လုံဇက်ကောင်ဆိုတဲ့ ခံစစ်ကုန်းကို အစိုးရတပ်က လက်နက်ကြီးအများအပြားပစ်တဲ့အထဲမှာ အလားတူ ဓာတုလက်နက်တွေ အသုံးပြုခဲ့တာကြောင့် အဲဒီတောင်ကုန်းကို ကေအိုင်အိုက ဖယ်ပေးလိုက်ရတယ် လို့လည်း သိရပါတယ်။

အခုလုပ်ရပ်ကိုကြည့်ခြင်းအားဖြင့် အစိုးရတပ်ဟာ ဓာတုလက်နက်တွေကို အရေးကြီးတဲ့နေရာကို ရွေးပြီးသုံးတာမဟုတ်ဘဲ ရှင်းလင်းရေးလုပ်တဲ့အခါမှာ သုံးချင်သလို သုံးနေတာဖြစ်တယ်လို့လည်း ဦးလနန်ကပြောပါတယ်။ အစိုးရတပ်က ဓာတုလက်နက်သုံးစွဲတဲ့အဆင့်အထိ သူတို့ကို တိုက်ခိုက်လာတဲ့အပေါ် ကေအိုင်အိုက ခုခံစစ်နဲ့ပဲ ပြန်လည်တိုက်ခိုက်သွားမှာဖြစ်ပြီး ဒီကိစ္စနဲ့ပတ်သက်လို့ နိုင်ငံတကာက ပြောဆို သင့်နေပြီလို့ ဦးလနန်က ဆက်ပြောပါတယ်။

ကချင်ပြည်နယ်အတွင်းမှာ အစိုးရတပ်က လူအင်အား လက်နက်အင်အား အများအပြားနဲ့ ထိုးစစ်ဆင်နေရာမှာ ကား၊ ရထား စတဲ့ ထောက်ပံ့ရေးယာဉ်တွေနဲ့ တပ်တွေကို ကေအိုင်အိုက လမ်းကနေ ပျောက်ကြားနည်းနဲ့ ပိတ်ဆို့ တိုက်ခိုက် ခုခံနေတာ ဖြစ်ပါတယ်။

---

## ၈၈ ကျောင်းသားများ လူထုကြား တရားဝင် လှုပ်ရှားမည်

**RFA ၊ နိုဝင်ဘာ ၉ ။ ။** ကိုမင်းကိုနိုင်၊ ကိုကိုကြီးအပါအဝင် အကျဉ်းထောင်အသီးသီးမှာ ကျခံနေရဆဲ ၈၈ မျိုးဆက် ကျောင်းသားအဖွဲ့ဝင်အားလုံး အမြန်ဆုံးလွတ်မြောက်ရေး ဆက်လုပ်သွားမယ်လို့ မကြာသေးမီက ပြန်လည်လွတ်မြောက်လာတဲ့ ၈၈ မျိုးဆက် ကျောင်းသားတွေက ဒီကနေ့ ပြောဆိုလိုက်ပါတယ်။

၂၀၀၇ ခုနှစ် အတွင်း အကျဉ်းချခံရတဲ့ ၈၈ မျိုးဆက်ကျောင်းသားအဖွဲ့ဝင် ၃၇ ဦးအနက် လွတ်မြောက်လာသူ ၁၁ ဦးက ရန်ကုန် စမ်းချောင်းမြို့နယ် တိုက်ကြီးဓမ္မာရုံမှာ သံဃာတော်တွေကို ဒီကနေ့ ဆွမ်းကပ်လှူဒါန်းရင်း အကျဉ်းထောင်အသီးသီးမှာ ကျန်နေတဲ့ ၈၈ မျိုးဆက် ကျောင်းသားတွေရဲ့ မိသားစုဝင်တွေနဲ့ တွေ့ဆုံအားပေးခဲ့တယ်လို့ မကြာမီက ပြန်လည်လွတ်မြောက်လာသူ စမ်းချောင်းကိုကိုကြီးကပြောပါတယ်။

၂၀၀၇ ခု ဩဂုတ်လထဲမှာ စစ်အစိုးရက လောင်စာဆီ ဈေးနှုန်းတွေ ရုတ်တရက် မြှင့်တင်လိုက်တာကြောင့် အခက်အခဲဖြစ်နေတဲ့ ပြည်သူတွေကိုယ်စား ၈၈ မျိုးဆက် ကျောင်းသားအဖွဲ့က စီတန်း လမ်းလျှောက် ဆန္ဒပြခဲ့တာကို စစ်အာဏာပိုင်တွေက လိုက်လံဖမ်းဆီးပြီး အနှစ် ၆၀ ကျော် နှစ်ရှည်ထောင်ဒဏ်တွေချမှတ်ပြီး နယ်ဝေးထောင်အသီးသီးကို ပို့ထားခဲ့ပါတယ်။

အဲဒီလို ဖမ်းဆီး ထောင်ချမှု နောက်ပိုင်းမှာတော့ ၈၈ မျိုးဆက် ကျောင်းသား အဖွဲ့ဝင်တချို့ဟာ မြေအောက်လှုပ်ရှားမှုပုံစံနဲ့ ဆက်လက်လှုပ်ရှားနေခဲ့တာပါ။ စမ်းချောင်း မြို့နယ်မှာ ဒီကနေ့ပြုလုပ်တဲ့ တွေ့ဆုံပွဲမှာတော့ ၈၈ မျိုးဆက်ကျောင်းသားအဖွဲ့ အနေနဲ့လူထုကြားမှာ တရားဝင်ရပ်တည်လှုပ်ရှားသွားမယ်လို့ ပြောဆိုပါတယ်။

## SNLD ပါတီမှတ်ပုံတင်ရေး စဉ်းစားမှာ မဟုတ်သေး

**RFA ၊ နိုဝင်ဘာ ၉ ။ ။** ပါတီခေါင်းဆောင် နှစ်ဦးလုံးကို အစိုးရက ထိန်းသိမ်းထားဆဲ ဖြစ်တာကြောင့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် အက်စ်အင်အယ်လ်ဒီအနေနဲ့ ပါတီပြန်လည်မှတ်ပုံတင်ဖို့ အစီအစဉ်မရှိသေးကြောင်း ပြောရေးဆိုခွင့်ရှိသူ ဦးစိုင်းလိတ်က အာရ်အက်ဖ်အေကို ပြောပါတယ်။

"ကျွန်တော်တို့ ခေါင်းဆောင်တွေဖြစ်တဲ့ ဥက္ကဋ္ဌ ခွန်ထွန်းဦးနဲ့ အတွင်းရေးမှူး စိုင်းညွန့်လွင်တို့ နှစ်ယောက်လုံး ထောင်ထဲရောက်နေတယ်ဆိုတော့ သူတို့ရဲ့လွတ်မြောက်ရေးကို အရင်ကြိုးပမ်းရမှာဆိုတော့ ပါတီဆက်လက်မှတ်ပုံတင်ရေးကို အခုချိန်ထိ လုံးဝမစဉ်းစားပါဘူးခင်ဗျ။"

ပါတီခေါင်းဆောင်တွေ ပြန်လွတ်လာမယ် ဆိုရင်တော့ ပါတီမှတ်ပုံတင်ရေးကိစ္စကို ဗဟိုဦးစီးအဖွဲ့ဝင် အားလုံးရဲ့ သဘောထားနဲ့ ဆုံးဖြတ်မယ်လို့ ဦးစိုင်းလိတ်က ဆိုပါတယ်။

အက်စ်အင်အယ်လ်ဒီအပါအဝင် တခြား တိုင်းရင်းသားပါတီတွေပါဝင်တဲ့ ညီညွတ်သော တိုင်းရင်းသားမဟာမိတ်အဖွဲ့ ယူအင်န်အေနဲ့ ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ဟာ လာမယ့် သီတင်းပတ်ထဲမှာ တွေ့ဆုံဆွေးနွေးဖို့ ရှိကြောင်းသိရပါတယ်။

ပါတီဥက္ကဋ္ဌ ဦးခွန်ထွန်းဦးကို ပူတာအို အကျဉ်းထောင်မှာ ထောင်ဒဏ် ၉၃ နှစ် ပေးထားပြီး အတွင်းရေးမှူး ဦးစိုင်းညွန့်လွင်ကို ကလေးအကျဉ်းထောင်မှာ ၈၅ နှစ် ချမှတ်ထားပါတယ်။

အက်စ်အင်အယ်လ်ဒီပါတီဟာ ၁၉၉၀ ရွေးကောက်ပွဲမှာ ဒုတိယ မဲအများဆုံး ရခဲ့တဲ့ ပါတီဖြစ်ပါတယ်။

# အပြုသဘော ပြောင်းလဲတိုးတက်မှုတွေ ပိုမြင်လာရ

RFA အသံလွှင့်ဆောင်းပါး

၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲအပြီး တနှစ်တာ ကာလအတွင်း မြန်မာပြည်မှာ အပြုသဘော ပြောင်းလဲတိုးတက်မှုတွေကို တနေ့တခြား ပိုပြီးတွေ့လာရပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေး တိုးတက်မှုဟာ ဒေါ်အောင်ဆန်းစုကြည် ပါဝင်လှုပ်ရှားမယ့် အခန်းကဏ္ဍပေါ်မှာသာ မူတည်တယ်လို့ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့အခြေစိုက် သတင်းစာဆရာ Larry Jagan ရဲ့ သုံးသပ်ချက်ကို RFA မှ ဒီတပတ်အတွက် ထုတ်နုတ်ဖော်ပြလိုက်ပါတယ်။

အခုလက်ရှိကာလဟာ မြန်မာနိုင်ငံမှာ နိုင်ငံရေးနိုးကြားတဲ့ ရာသီကာလဖြစ်ပါတယ်။ နိုင်ငံရေးအကျဉ်းသားတွေလွှတ်ပေးတယ်၊ နေပြည်တော်က သတင်းရပ်ကွက်တွေအဆိုအရ နောက်အပတ်ထဲမှာ ထပ်ပြီးတော့ လွှတ်စရာတွေ ရှိနေပါတယ်။ နောက်ဆုံးကျန်တဲ့အသုတ်ကိုတော့ ဒီနှစ်အကုန်မှာ လွှတ်မယ်လို့ ဆိုပါတယ်။

ဒီကိစ္စဟာ လွန်ခဲ့တဲ့ တနှစ်က စဉ်းစားလို့မရနိုင်တဲ့ အခြေအနေဖြစ်ပါတယ်။ မနှစ်က နိုဝင်ဘာ ၇ ရက်နေ့က ကျင်းပခဲ့တဲ့ မဲမသမာမှုတွေ တရားမမျှတမှုတွေနဲ့ ရွေးကောက်ပွဲအပြီး ၆ လ အကြာမှာ အစိုးရအသစ်တရပ်ပေါ်လာမယ်၊ အဲဒီ အစိုးရသစ်က ဒီလို အပြောင်းအလဲတွေ လုပ်လာလိမ့်မယ်ဆိုတာကို ဘယ်သူကမှ ကြိုတင်ဟောကိန်းမထုတ်နိုင်ခဲ့ကြပါဘူး။

သမတဦးသိန်းစိန်လက်ထက်မှာ ဆင်းရဲမွဲတေမှုလျှော့ချရေးနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို အဓိက ဦးစားပေးအဖြစ် ကြေညာလုပ်ဆောင်နေပါတယ်။ ဒါမျိုးကို အရင်က လူသိရှင်ကြား ပြောဆိုခွင့်မရှိပါဘူး။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေလက်ထက်မှာ မြန်မာနိုင်ငံ စီးပွားရေးလူမှုရေး အကျပ်အတည်းတွေဖြစ်နေပြီလို့ ကြေညာချက်ထုတ် ပြောကြားခဲ့တဲ့ ကုလသမဂ္ဂဌာနေကိုယ်စားလှယ် ချားလ်စ်ပက်ထရီဟာ ဆိုရင် ချက်ချင်း တိုင်းပြည်ကနေ ထွက်ခွာသွားခဲ့ရပါတယ်။

ဒါပေမယ့် လက်ရှိအစိုးရသစ်လက်ထက်မှာ အစိမ်းရောင် စီးပွားရေးစီစဉ်တာတွေ၊ နောက် အီးယူကဦးဆောင်ကျင်းပတဲ့ ငွေကြေးစနစ်ပြုပြင်ပြောင်းလဲရေးနဲ့ ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေး အလုပ်ရုံဆွေးနွေးပွဲတွေကျင်းပနေပါတယ်။ ဒီပွဲတွေမှာ ပညာရှင်တွေ၊ သံတမန်တွေ အစိုးရဝန်ကြီးတွေ၊ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အတိုက်အခံနိုင်ငံရေးခေါင်းဆောင်တွေတက်ရောက်နေကြပါတယ်။ ဒါဟာ အပြောင်းအလဲသင်္ကေတတွေဖြစ်ပါတယ်။ နိုင်ငံရေးအရလည်း အပြောင်းအလဲတွေ ရှိပါတယ်။

စာပေစိစစ်ရေးနဲ့ ဆင်ဆာမူဝါဒတွေ လျှော့ပေါ့ပေးလာတယ်၊ နောက်လအနည်းငယ်မှာ စာပေစိစစ်ရေးဆင်ဆာအဖွဲ့ လုံးဝ ရပ်ဆိုင်းတော့မယ်လို့ ပြောဆိုနေတာတွေလည်းရှိပါတယ်။ လွှတ်တော်ဟာလည်း တကယ့် ဒီမိုကရေစီလွှတ်တော်လို့ ပီပြင်ဖို့ အဝေးကြီးလိုနေသေးပေမယ့် အလုပ် လုပ်စပြုလာပြီဖြစ်ပါတယ်။

ဒီကနေနိုင်ငံရေးအကျဉ်းသားလွှတ်ပေးရေးလိုမျိုးကြမ်းတွေတင်လာကြအုန်းမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဩဂုတ်လက သမတဦးသိန်းစိန်နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ သမိုင်းဝင် တွေ့ဆုံခဲ့အပြီး မြန်မာနိုင်ငံမှာ တကယ်ပြောင်းလဲလာတော့မလားဆိုတဲ့ မျှော်လင့်ချက်တွေ ဖြစ်ပေါ်လာခဲ့ပါတယ်။

အခုဆိုရင် အဲန်အယ်လ်ဒီပါတီ ကြားဖြတ်ရွေးကောက်ပွဲ ဝင်နိုင်ဖို့ ရွေးကောက်ပွဲဥပဒေတွေ ပြင်ဆင်ပြဌာန်းလိုက်ပါတယ်။ ဒီကနေဒေါ်အောင်ဆန်းစုကြည် ရွေးကောက်ပွဲဝင်လိမ့်မယ်လို့ ပြောဆိုသုံးသပ်တာတွေလည်း ရှိပါတယ်။

ဒါဆိုရင် မြန်မာ့နိုင်ငံရေး တကယ့်အချိုးအကွေ့ကိုရောက်ပြီလို့ ပြောနိုင်ပါတယ်။ ဒီအခြေအနေကနေ လွှတ်တော်မှာ ဒေါ်အောင်ဆန်းစုကြည်ဟာ အတိုက်အခံခေါင်းဆောင်ဖြစ်လာမယ်၊ ဒါဆိုရင်၂၀၁၅ ခုနှစ်မှာ အဲန်အယ်လ်ဒီ ရွေးကောက်ပွဲ အုံနဲ့ကျင်းနဲ့ဝင်ပြိုင်ပြီး ဒီအခါမှာ ဒေါ်အောင်ဆန်းစုကြည် သမတဖြစ်လာပါလိမ့်မယ်။ ဒါက အကောင်းမြင်သူတွေရဲ့ သုံးသပ်ချက်ဖြစ်ပါတယ်။

ဒါပေမယ့် ဒီအခင်းအကျင်းကို သံသယရှိသူတွေကလည်း ဒါဟာ အပေါ်ယံအပြ သက်သက်ပါလို့ ပြောဆိုနေကြပါတယ်။ တချို့ကလည်း ဦးသန်းရွှေနဲ့ သဘောထားတင်းမာသူတွေဟာ ဘေးကနေ တပွဲ တချီဝင်နွှဲဖို့ စောင့်နေကြတယ်လို့ စိုးရိမ်နေကြသူတွေလည်း ရှိပါတယ်။

သေချာတာကတော့ ဒီမိုကရေစီအသွင်ကူးပြောင်းရေး ဒီလောက် အချိန်တိုတို အရှိန်မြန်မြန် ပြောင်းနေတာကို နှေးသွားအောင်လုပ်နေတာတွေရှိနေတဲ့အချက် ဖြစ်ပါတယ်။ ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီအမတ်တွေက အဲန်အယ်လ်ဒီတွေ ကြားဖြတ်ရွေးကောက်ပွဲမှာ နေရာအများကြီးမရနိုင်အောင်၊ ဝန်ကြီးဖြစ်ရင်လည်း အမတ်နေရာ ဆက်ယူထားခွင့်ပြုရေး ဥပဒေပြင်ဆင်ချက် တင်နိုင်အောင် ကြိုးစားနေကြတာရှိပါတယ်။

ဒီနေရာမှာ အဓိက မေးခွန်းက အနာဂတ်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်လို့ ရနိုင်မလားဆိုတဲ့ အချက်ဖြစ်ပါတယ်။ ကြံ့ခိုင်ရေးပါတီကလည်း သူတို့လိုချင်တဲ့ ပြင်ဆင်တာမျိုး လုပ်ချင်သလို အဲန်အယ်လ်ဒီပါတီကလည်း ပြင်ဆင်ချင်တာတွေ ရှိပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ဆုံတဲ့ပွဲမှာ တနစ်အတွင်းဘဲဖြစ်ဖြစ် အခြေခံဥပဒေပြောင်းလဲတာကို သူ့အနေနဲ့ ကန့်ကွက်စရာမရှိဘူးလို့ သမတဦးသိန်းစိန်က ပြောကြားခဲ့တဲ့အကြောင်း အစိုးရဝန်ကြီးတချို့ဆီကနေ ပြန်ပြီးတော့ ကြားသိရပါတယ်။

ပြီးခဲ့တဲ့ ၁၂ လတာ ကာလအတွင်း တဦးတယောက်အမိန့်နဲ့ အုပ်ချုပ်တာ ရာထူးအဆင့်လိုက် ဆက်ဆံကြတာတွေဟာ မပြောင်းလဲတဲ့အချက်တွေဖြစ်ပါတယ်။ ဒါပေမယ့် အရင်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးဟောင်းဦးသန်းရွှေရဲ့ ဩဇာလောင်းရိပ်ကနေ ထွက်လာနေတဲ့လုပ်ငန်းတွေလည်း တွေ့ရပါတယ်။

ဒီအထဲက အကြီးမားဆုံးလုပ်ရပ်တခုကတော့ မြစ်ဆုံရေကာတာ ရပ်ဆိုင်းလိုက်တဲ့ကိစ္စဖြစ်ပါတယ်။ အဲန်အယ်လ်ဒီပါတီ မှတ်ပုံတင် မတင်ကိစ္စဟာ အခုတပတ်အတွင်းမှာ အဖြေသိရမှာဖြစ်ပါတယ်။ ဒီအချိန်ဟာ နောက်ထပ် နိုင်ငံရေးအကျဉ်းသားတွေလွှတ်မယ့် ကာလ

**စာမျက်နှာ ၁၀ သို့**




**နိုဝင်ဘာ ၁ | RFA ll** ll နိုင်ငံရေးအကျဉ်းသားများ စာရင်းအတိအကျကောက်ခံနိုင်ရန် ကမ္ဘာ့ကြက်ခြေနီအဖွဲ့ ICRC အား ခွင့်ပြုရန် ကင်တားနားမှ တိုက်တွန်း၏။

**နိုဝင်ဘာ ၂ | RFA ll** ll အစာငတ်ခံဆန္ဒပြသူ အင်းစိန်ထောင်တွင်းမှ နိုင်ငံရေးအကျဉ်းကျ ၁၅ ဦးအနက် ၂ ဦးသည် အခြေအနေဆိုး၍ ဆေးရုံတင်ထားရပြီး ကျန် ၁၃ ဦးဆက်၍ ဆန္ဒပြနေ၏။

**နိုဝင်ဘာ ၃ | RFA ll** ll အစာငတ်ခံဆန္ဒပြ နိုင်ငံရေးအကျဉ်းသားများအား ထောင်ဝင်စာ တလပိတ်ထားကြောင်း။

**နိုဝင်ဘာ ၃ | RFA ll** ll နိုင်ငံရေးအကျဉ်းသား ၆၀၀ ဦးခန့်အား မကြာခင်လွတ်ပေးမည်ဟု နေပြည်တော်နှင့် အဲန်အဲလ်ဒီ အသိုင်းအဝိုင်းမှဆို၏။

**နိုဝင်ဘာ ၄ | Mizzima ll** ll နိုဝင်ဘာ ၄ နေ့စွဲဖြင့် နိုင်ငံရေးပါတီမှတ်ပုံတင်ရေး ဥပဒေကို ပြင်ဆင်ခဲ့ကြောင်း။

**နိုဝင်ဘာ ၅ | AFP ll** ll အမေရိကန်နှင့်ကုလအရာရှိများသည် မြန်မာတွင် ပြုပြင်ပြောင်းလဲမှုများအပေါ် အားရသော်လည်း ဆက်လက်ကြိုးပမ်းရန်လိုကြောင်း။

**နိုဝင်ဘာ ၅ | ZURICH, AP ll** ll မြန်မာအား ကမ္ဘာ့ဖလားပွဲ အဖွဲ့ချုပ် FIFA မှ ၂၀၁၈ ဖလားပွဲမှ ထုတ်ထားရာမှ ပြန်လည်ယှဉ်ပြိုင်ပါဝင်ခွင့်ပြုလိုက်ကြောင်း။

**နိုဝင်ဘာ ၆ | DVB ll** ll ကချင်ပြည်နယ် နေရာများစွာတွင် နိုဝင်ဘာ ၆ မှ စ၍ တိုက်ပွဲများ အပြင်းအထန်ဖြစ်နေကြောင်း။

**နိုဝင်ဘာ ၆ | DVB ll** ll အကျဉ်းချခံ၊ လိုင်းစင်သိမ်းခံရသော ရှေ့နေ ဆရာဝန်၊ ကျောင်းသားများ လူ့အခွင့်အရေးချိုးဖေါက်ခံရမှုများကို အိုလံပစ်တာဝါ သတင်းရှင်းလင်းပွဲတွင် တိုင်ကြားကြောင်း ရှေ့နေဦးအောင်သိန်းမှဆို၏။

**နိုဝင်ဘာ ၆ | BBC ll** ll အရပ်သားများ ပါဝင်စေခဲ့သည့် မြန်မာအစိုးရဖွဲ့စည်းခြင်း တနှစ်အတွင်း ပြောင်းလဲသွားပြီလောဟု Maria Lall မှ သတင်းသုံးသပ်၏။

**နိုဝင်ဘာ ၆ | XNA-NAYPYITAW ll** ll မြန်မာဒုသမတ စိုင်းမောက်ခမ်းသည် Wang Zuoan တရုတ်ဗုဒ္ဓဘာသာအဖွဲ့ ဒါရိုက်တာအား လက်ခံတွေ့ဆုံ၏။

**နိုဝင်ဘာ ၇ | Mail and Guardian ll** ll တောင်အာဖရိကဆိုင်ရာ မြန်မာသံအမတ် ဦးမြင့်နောင်၏ ကိုယ်ရေးရာဇဝင်တွင် လူ့ခွင့်အရေး ဖေါက်ဖျက်မှုကြီး များစွာတွေ့ရ၍ သူ့အား ပြည်နှင်ဒဏ်ပေးရန် Democratic Alliance မှ တောင်းဆို၏။

**နိုဝင်ဘာ ၇ | Calcutta News Net ll** ll အိန္ဒိယနှင့်မြန်မာတို့သည် ဘဏ်လုပ်ငန်းဆိုင်ရာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်တရပ် လက်မှတ်ရေးထိုးသင့်ကြောင်း အိန္ဒိယလုပ်ငန်းဆိုင်ရာအဖွဲ့ CII မှ တိုက်တွန်း၏။

**နိုဝင်ဘာ ၇ | Calcutta News Net ll** ll ဘင်္ဂလားဒေ့ရှ်သို့ တရားမဝင် ဝင်ရောက်လာသူ အသက် ၅၀– ၆၀ ခန့်ရှိ မြန်မာအမျိုးသမီး ၃ ဦးနှင့် အမျိုးသား ၃ ဦးအား Tripura တွင် ဖမ်းထား၏။

**နိုဝင်ဘာ ၇ | Asian Tribune ll** ll မြန်မာအမျိုးသမီးများအဖွဲ့ WLB သည် မြန်မာတပ်များ၏ အမျိုးသမီးများအပေါ် အဓမ္မပြုကျင့်မှုများကို သက်သေပြသည့် ရုပ်ရှင်ပြပွဲ ကျင်းပရေးလှုပ်ရှား၏။

**နိုဝင်ဘာ ၇ | Radio Germany ll** ll ယခုလတွင် စတင်ကျင်းပဖွယ်ရှိသော မြန်မာတွင် ကြားဖြတ်ရွေးကောက်ပွဲကျင်းပပုံနှင့် မျှတမှုရှိ မရှိ စောင့်ကြည့်ရမည် HRW မှ Pearson မှ ဤအသံလွှင့်ဌာနမေးမြန်းချက်တွင်ဆို၏။

**နိုဝင်ဘာ ၇ | Mizzima ll** ll ဖျာပုံမြို့နယ် မဲဆလတ်ရွာအနီး သံလွင်မြစ်ပေါ်တွင် ဗုံးပေါက်ကွဲ၍ မြန်မာတွင် ခရီးသည်တင်ရန် မှတ်ပုံတင်ထားသော ထိုင်းလူမျိုးပိုင် သမ္ဗာန်တစီးပျက်ဆီး၍ အခြား၂ စီးထိခိုက်ကြောင်း၊ လူသူထိခိုက်မှုမရှိကြောင်း။

**နိုဝင်ဘာ ၇ | DVB ll** ll ပုဂ္ဂလိကဘဏ်များသည် အေတီအမ် ငွေသွင်းငွေထုတ်စက်များ ပြန်လည်တပ်ဆင်မည်။

**နိုဝင်ဘာ ၈ | UN News Center ll** ll အစာငတ်ခံဆန္ဒပြ နိုင်ငံရေးအကျဉ်းသားများနှင့် အရှင်ဂမ္ဘီရတို့၏ ကျန်းမာရေးအတွက် စိုးရိမ်ကြောင်း Tomas O Quintana မှ ဆို၏။

**နိုဝင်ဘာ ၈ | Daily Telegraph ll** ll ပြောင်းလဲနေသော်လည်း မြန်မာတွင် ဒေါ်အောင်ဆန်းစုကြည်၏ ဘဝသရုပ်ဖေါ် ရုပ်ရှင် The Lady ကို မြန်မာပြည်တွင် ကြည့်ရဖို့ မလွယ်သေးကြောင်း။

**နိုဝင်ဘာ ၈ | Channel NewsAsia ll** ll မြန်မာအား အာဆီယံအလှည့်ကျ ဥက္ကဋ္ဌနေရာအတွက် ထောက်ခံမှုများစွာရနေသော်လည်း ထောက်ခံမည် မထောက်ခံမည် အတိအကျမဖြေနိုင်သေးဟု မြန်မာသို့သွားခဲ့သော အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး Marty Natalegawa မှဆို၏။

**နိုဝင်ဘာ ၈ | Irrawaddy ll** ll အဲန်အဲလ်ဒီထိပ်သီး ၁၀၀ ခန့်သည် နိုဝင်ဘာ ၁၈ တွင် နိုင်ငံရေးပါတီအဖြစ် ပြန်လည်မှတ်ပုံတင် မတင်ကိစ္စကို ဆွေးနွေးရန် သမိုင်းဝင်ဆွေးနွေးပွဲကျင်းပရန် ယနေ့ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်တွင် ကျင်းပသည့် အဲန်အဲလ်ဒီ အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးမှ ဆုံးဖြတ်၏။

**နိုဝင်ဘာ ၈ | The Star, KL ll** ll မလေးရှားတွင် မြန်မာခိုလှုံသူများသည် ယခု မှတ်ပုံတင်ခွင့်ရသဖြင့် ပိုမိုစိတ်ဖြောင့်စွာ လုပ်ကိုင်နေထိုင်နိုင်ကြောင်း။

**နိုဝင်ဘာ ၈ | Irrawaddy ll** ll မြန်မာတွင် အစာငတ်ခံဆန္ဒပြမှုကို သတင်းယူခွင့်မရခြင်းများကြောင့် ထိရောက်မှုနည်းကြောင်း မိုးဇော်ဦးမှ ဆို၏။

**နိုဝင်ဘာ ၈ | Mizzima ll** ll မြန်မာတွင် တပိဿာခွဲလေးပြီး သုံးပေခွဲရှည်သည့် တောက်တဲ့ကို ကျပ် ၁.၇ ဘီလီယံ (ဒေါ်လာ ၂ သန်း) ဖြင့် ရောင်းခဲ့ကြောင်း။

**နိုဝင်ဘာ ၇ | ND ll** ll အိန္ဒိယကုမ္ပဏီ ၆၀ ခန့်သည် ရန်ကုန် တပ်မတော်ခန်းမတွင် ယဉ်၊ စက်မှု ၊ လယ်ယာဆိုင်ရာများ Enterprise India အမည်ဖြင့် ကုန်စည်ပြပွဲတွင် ပါဝင်ပြသမည်။

**နိုဝင်ဘာ ၈ | DVB ll** ll ယခင်အပတ် နေပြည်တော်တွင် အမေရိကန်နှင့် မြန်မာတို့သည် စစ်ရေးပူးပေါင်းဆောင်ရွက်မှုလည်း ဆွေးနွေးခဲ့၏။

**နိုဝင်ဘာ ၈ | GENEVA ll** ll အစာငတ်ခံ ဆန္ဒပြနေသော သံဃာ၏ ကျန်းမာရေးသည် လူ့အခွင့်အရေးဆိုင်ရာအရ အထူးစိတ်ပူပန်ဖွယ်ဖြစ်ကြောင်း ကုလအထူးသံ Tomas Quintana မှဆို၏။

**စာမျက်နှာ ၁၃ သို့**

# ရန်ကုန်မြို့ ဗြိတိသျှ သံရုံးရှေ့မှာ BBC သတင်းအင်္ဂလိပ်ဌာနကို ဆန္ဒပြ

**VOA ၊ နိုဝင်ဘာ ၉ ။** ။ BBC အင်္ဂလိပ်ဘာသာ၊ အွန်လိုင်းစာမျက်နှာပေါ်မှာ ရေးခဲ့တဲ့သတင်းတပုဒ်ကို မကျေနပ်ကြလို့ ရန်ကုန်မြို့က ဗြိတိသျှသံရုံးရှေ့မှာ ဆန္ဒပြဖို့ ကြိုးစားခဲ့ကြပါတယ်။

အဲဒီသတင်းဆောင်းပါးမှာက မြန်မာနိုင်ငံက အဖိနှိပ်ခံ တိုင်းရင်းသားတွေရဲ့အကြောင်း ရေးသားတဲ့နေရာမှာ မြန်မာနိုင်ငံမြေပုံထဲက ရခိုင်ပြည်နယ်နေရာမှာ ရိုဟင်ဂျာဓာတ်ပုံကို တိုင်းရင်းသားအဖြစ်ဖော်ပြခဲ့တာကြောင့် ဒီကနေ့ ရန်ကုန်၊ ကမ်းနားလမ်းမှာရှိတဲ့ ဗြိတိသျှသံရုံးရှေ့မှာ ဆန္ဒပြဖို့လူတချို့က စုဝေးခဲ့ကြပါတယ်။ အဲဒီလိုမျိုးရိုဟင်ဂျာဓာတ်ပုံကို တိုင်းရင်းသားအဖြစ်နဲ့ဖော်ပြခဲ့တာကြောင့် ဆန္ဒပြဖို့ကြိုးစားခဲ့တာဖြစ်တယ်လို့ သတင်းသွားယူခဲ့တဲ့ ပြည်တွင်းသတင်းထောက်တွေကပြောပြပါတယ်။ ဒီသတင်းကိုတော့ စုံစမ်းထားတဲ့ မသင်းသီရိကတင်ပြပေးထားပါတယ်။

နိုဝင်ဘာလ ၉ ရက်၊ ဗုဒ္ဓဟူးနေ့၊ မနက် ၁၁ နာရီခွဲလောက်ကစပြီးတော့ ရန်ကုန်၊ ကမ်းနားလမ်းက ဗြိတိသျှသံရုံးရှေ့မှာ BBCအင်္ဂလိပ်ဘာသာအစီအစဉ်ကို ကန့်ကွက်ဆန္ဒပြဖို့ လူစုရုံးတာ တွေ ဖြစ်ခဲ့ပါတယ်။ လူဦးရေ ၂၀ လောက်အထိရှိတဲ့ ကန့်ကွက် ဆန္ဒပြသူတွေဟာ ဆန္ဒပြခွင့်ပါမစ် မရတဲ့အတွက် တရားဝင် ကန့်ကွက်ဆန္ဒပြတာတွေ မလုပ်ခဲ့ပေမယ့် နေ့လည် ၂ နာရီလောက်အထိ သံရုံးရှေ့မှာ စုရုံးတာတွေ ရှိခဲ့တယ်လို့ ဒီသတင်းကို ကိုယ်တိုင်သွားယူခဲ့တဲ့ ပြည်တွင်းသတင်းထောက်တဦးက ပြောပါတယ်။

"ဘာအတွက်ကြောင့်လဲ ဆိုတော့ ရိုဟင်ဂျာနဲ့ပတ်သက်လို့ဘာပြဿနာတက်လဲဆိုတော့ ရခိုင်ပြည်မြေပုံပေါ်မှာ ရိုဟင်ဂျာလို့ ထိုးထားတာတခုရယ်၊ ပြီးတော့ ဗလီတက်နေတဲ့ ကိစ္စတခုရယ်၊ သူတို့ကဘာပြောလဲဆိုတော့ သူတို့ရခိုင်တွေက ဗုဒ္ဓဘာသာကိုးကွယ်တာနှစ်ပေါင်းများစွာ၊ ဒီမြေပေါ်မှာပဲ ထောင်ချီပြီးနေခဲ့တယ်။ ဗုဒ္ဓဘာသာ ကိုးကွယ်သူတွေ ထောင်ချီပြီးနေခဲ့တယ်။ အခု ဒီလိုမျိုး စာထိုးလိုက်တယ်ဆိုတော့ သူတို့က မကျေနပ်ဘူးပေါ့။"

"အခု BBCက မှားနေတယ်။ မှားနေတဲ့ကိစ္စကို တောင်းပန်ဖို့ရယ်၊ သံရုံးကတဆင့် BBC သိအောင် ပြောဖို့ရယ်၊ နောက်တခုက အဲဒီ BBC မှားနေတာကို မြန်မာပြည်ကို ပြန်တောင်းပန်ဖို့ရယ်၊ နောက်တခုက သတင်းထောက် အဲန်နာဂျန်းကို BBC ကနေ ဖယ်ရှားပေးဖို့ရယ်ပြောပါတယ်ခင်ဗျ။ တောင်းဆိုချက်က ၂ ခုထဲပါ။"

"သူတို့ဘာဆိုင်းဘုတ်မှလည်းမယူသွားဘူး၊ ဘာမှလည်းမအော်သွားဘူး၊ သူတို့ ပါမစ်မရလို့ ပြန်သွားတဲ့သူတွေတော့ ရှိပါတယ်တဲ့။ ဒါပေမဲ့ သူတို့က သံရုံးရှေ့မှာ မတ်တပ်ရပ်ပြီးတော့ အင်အားပြသွားပါတယ်။"

BBC အင်္ဂလိပ်ဌာနရဲ့ အွန်လိုင်းစာမျက်နှာမှာ မြန်မာနိုင်ငံက အဖိနှိပ်ခံတိုင်းရင်းသားတွေအကြောင်း ဆောင်းပါးထဲ မြန်မာနိုင်ငံမြေပုံထဲက ရခိုင်ပြည်နယ် အတွင်းမှာ ရိုဟင်ဂျာဓာတ်ပုံကို ဖော်ပြမိတဲ့အပေါ် အဓိကမကျေနပ်လို့ သူတို့ ဆန္ဒပြကန့်ကွက်ဖို့ စီစဉ်ခဲ့တာဖြစ်တယ်လို့ သူတို့က သတင်းထောက်တွေကိုရှင်းပြပါတယ်။ အခုလိုမျိုး သံရုံးရှေ့မှာ လူစုလူဝေးဖြစ်နေသလို အနီးတဝိုက်မှာလည်း လုံခြုံရေးတွေကို တွေ့ရတယ်လို့ ပြောပါတယ်။

"လုံခြုံရေးကတော့ တင်းကြပ်တယ်လို့ တချက်ကြားပြီးတော့ ပြေးလာကြတဲ့သူတွေ ဘာတွေရှိပါတယ်။ အပွင့်တွေ ဘာတွေရောဝေါ်ကီတော်ကီနဲ့ တခြားလူတွေနဲ့ရော ထွက်လာကြပါတယ်။ ပြီးတော့ သူတို့ လိုက်မေးနေတယ်။ ထုံးစံအတိုင်းပေါ့ဗျာ။"

ဒီရိုဟင်ဂျာကိစ္စနဲ့ပတ်သက်ပြီးတော့ ရခိုင်ပြည်နယ်က မွတ်စလင် တချို့နဲ့ရခိုင်၊ မြန်မာတချို့အကြားမှာ အပြန်အလှန်ငြင်းခုန် ရေးသားတာတွေရှိနေခဲ့သလို NLD အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ဒုတိယဥက္ကဋ္ဌဦးတင်ဦးကလည်းပြည်ပရေဒီယိုဌာနတခုမှာ ရိုဟင်ဂျာဆိုတာ တိုင်းရင်းသားထဲမှာ မရှိဘူးလို့ ပြောကြားခဲ့တာနဲ့ပတ်သက်ပြီး တောင်းပန်ရမယ်လို့ ရိုဟင်ဂျာခေါင်းဆောင်က တောင်းဆိုခဲ့ပြီးတဲ့ နောက်ဒီပြဿနာဟာ ပိုပြီးတော့ ကျယ်ပြန့်လာတာဖြစ်ပါတယ်။

## အကျဉ်းသားလွှတ်ရေး ကနေဒါတောင်းဆို

**RFA ၊ နိုဝင်ဘာ ၇ ။** ။ မြန်မာနိုင်ငံ အကျဉ်းထောင်အသီးသီးက နိုင်ငံရေးအကျဉ်းသားအားလုံးကို ခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးဖို့ ကနေဒါ ပြည်သူ့ဝန်ထမ်း အလုပ်သမားသမဂ္ဂအဖွဲ့ကိုယ်စားလှယ် ၄၀၀ ကျော်က နိုဝင်ဘာ ၇ ရက် မနေ့က တောင်းဆိုလိုက်ကြပါတယ်။

ကနေဒါနိုင်ငံ ဗင်ကူးဗားမြို့မှာကျင်းပတဲ့ ကနေဒါနိုင်ငံရဲ့ အကြီးဆုံး အလုပ်သမားသမဂ္ဂအဖွဲ့တစ်ခုဖြစ်တဲ့ CUPE ရဲ့ ညီလာခံမှာ မြန်မာနိုင်ငံက နိုင်ငံရေးအကျဉ်းသားတွေလွတ်မြောက်ရေးအတွက်လှုပ်ရှားမှုပြုလုပ်ခဲ့ရာတက်ရောက်လာတဲ့ ကိုယ်စားလှယ်တွေက တောင်းဆိုချက်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း ကနေဒါ မြန်မာ့မိတ်ဆွေများအဖွဲ့ CFOB တာဝန်ခံဦးတင်မောင်ထူးက RFA ကို ပြောပါတယ်။ ဒါ့အပြင် မြို့နယ်အသီးသီးက အလုပ်သမားအဖွဲ့ဝင်တွေဆီက ထောက်ခံချက် ထပ်မံရရှိဖို့ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း ကိုယ်စားလှယ်တွေက ပြောကြားခဲ့တယ်လို့ သိရပါတယ်။

ဒီလှုပ်ရှားမှုကို CUPE အဖွဲ့၊ ကနေဒါအခြေစိုက် CUSO-VSO လို့ခေါ်တဲ့ နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဆောင်ရွက်ရေးအဖွဲ့နဲ့ ကနေဒါ မြန်မာ့မိတ်ဆွေများ အဖွဲ့ CFOB တို့ ပူးပေါင်း ဆောင်ရွက်ခဲ့တာဖြစ်ကြောင်းသိရပါတယ်။ အခုရရှိတဲ့လက်မှတ်တွေကို မကြာခင်ရက်ပိုင်းအတွင်း ကနေဒါနိုင်ငံရှိ မြန်မာသံရုံးကို ပေးပို့မယ်လို့သိရပါတယ်။

**စာမျက်နှာ ၈ မှ**

လည်း ဖြစ်ပါတယ်။

ဒီနေရာမှာ အဓိက သော့ချက်က ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်ရဲ့ တပ်မတော်နဲ့ သူ့ရဲ့အခန်းကဏ္ဍဖြစ်ပါတယ်။ သူဟာ စစ်တပ်ကို စစ်တန်းလျားမှာ သိက္ခာရှိရှိ ရပ်တည်ချင်သူလို့ ဆိုပါတယ်။ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်ဟာ အဂတိလိုက်စားမှု တိုက်ဖျက်လိုသူဖြစ်ပြီး အဂတိလိုက်စားတယ်လို့ လူသိများတဲ့ တိုင်းမှူးတွေကိုလည်း ရာထူးက ဖယ်ရှားခဲ့သူ ဖြစ်ပါတယ်။

ဒီနေရာမှာ ဦးသိန်းစိန်နဲ့ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်တို့ သဘောထားတူတာ ရှိပုံရပါတယ်။ အဲဒါကတော့ သန့်ရှင်းတဲ့အစိုးရတရပ် ပေါ်ပေါက်လာရေးဖြစ်တယ်လို့ Larry Jagan က RFA မြန်မာဌာနကို သီးသန်းပေးပို့တဲ့ဆောင်းပါးမှာ ရေးသားသုံးသပ်ထားတာကို တင်ပြလိုက် ပါတယ်။



# သတင်းတိုထွာဖတ်စရာ

## ဒီဇယ်ဈေးတက်လို့ ရထားခတက်ရ

ဒီဇယ်ဈေးတဂါလံ ၁၆၀ ကျပ်မှ ၃၀၀၀ ကျပ်သို့ ထိုးတက်သွားတဲ့အတွက် ရန်ကုန် မြို့ပတ်ရထားခ ၁၀ ကျပ်မှ ၁၀၀ ကျပ်အထိ တိုးမြှင့်ကောက်ခံမယ်လို့ ဆိုပါတယ်။ ယခင်က လသုံးလက်မှတ်ကို ၃၅၀ ကျပ်သတ်မှတ်ထားရာက ၁၇၀၀ ကျပ်သို့တိုးမြှင့်ကောက်ခံမယ်လို့ဆိုပါတယ်။ မြို့ပတ်ရထားကို ရုံးဝန်ထမ်းများနဲ့ ကျောင်းသားများ လက်လုပ် လက်စားဈေးသည်များ အများဆုံးစီးကြကြောင်း လည်းသတင်းကဆိုပါတယ်။ (Mizzima - 10 Nov-2011)

## မအင်ကျင်းခိုင်နဲ့မအင်ကျင်းလှိုင် သီးခြားစီဖြစ်

ငါးကြိမ်မြောက် ခန္ဓာကိုယ်ချင်းဆက်မွေးဖွားလာတဲ့ အမွှာပူးကလေးကို အောင်မြင်စွာခွဲစိတ်ကုသလိုက်ပါတယ်၊ နှစ်နှစ်နဲ့တလသားအရွယ်ရှိတဲ့ မအင် ကျင်းခိုင်နဲ့မအင်ကျင်းလှိုင်တို့ကို ဒေါက်တာဦးထူးဟန် ဦးဆောင်ပြီး အောင်မြင် စွာခွဲစိတ်ကုသပေးခဲ့တာဖြစ်ပါတယ်။ အခုလို အမွှာပူးဆက်မွေးကလေးများကို ခွဲစိတ်ကုသမှုဟာ ၅ ကြိမ်မြောက်ဖြစ်ပါတယ်။ လေးကြိမ်မြောက် ကလေးအမွှာ ပူးကိုတော့ ရင်ချင်းဆက်နေတဲ့ စိုးပြည့်လင်းနဲ့ စိုးပြည့်ဝင်းတို့ကို ၂၀၀၉ ခုနှစ်က ခွဲစိတ်ကုသပေးခဲ့တာဖြစ်ပါတယ်။ (Xinhua - 10 Nov-2011)

## နည်းပညာ ပူးပေါင်းမည်

အင်တာနက်အပါအဝင် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာဖလှယ်ရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေးတို့ကို နိုင်ငံသဘောတူစာချုပ် ချုပ်ဆိုခဲ့တယ်လို့ ဆိုပါ တယ်။ Xinwei Telecom Technology Co., Ltd. တရုပ်ကုမ္ပဏီနဲ့ Myanmar Link Global Co.,Ltd. ကုမ္ပဏီတို့ပူးပေါင်းဆောင်ရွက်မှာဖြစ်ပါတ ယ်။ လောလောဆယ် နေပြည်တော် ရန်ကုန်နဲ့ မန္တလေးမြို့တွေမှာ တပ်ဆင်မှာ ဖြစ်ပြီး နောက် ၅ နှစ်အတွင်းမှာ တနိုင်ငံလုံးအတိုင်းအတာနဲ့ လုပ်ဆောင်သွား မှာဖြစ်တယ်လို့ သတင်းကဆိုပါတယ်။ (Xinhua - 13 Nov-2011)

## နေပြည်တော်က ထိုင်းစားသောက်ဆိုင်

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက် သပြေကုန်းစား သောက်ဆိုင်ကုန်းမှာ *Siam Lotus* ထိုင်းရိုးရာ စားသောက်ဆိုင်တဆိုင်ဖွင့်လှစ် လိုက်ပါတယ်။ အဲဒီ ဆိုင်သစ်မဟာ သန့်ရှင်းလတ်ဆတ်ပြီး အရည်အသွေးပြည့်မီ ကောင်းမွန်သော ထိုင်းရိုးရာစားသောက်ဖွယ်ရာများကို ဈေးနှုန်းမှန်ကန် သက် သက်သာသာနဲ့ တည်ခင်းရောင်းချမယ်လို့ဆိုပါတယ်။ ဆိုင်ပိုင်ရှင်က ဗမာလူ မျိုးတွေဖြစ်ပါတယ်။ (VOB - 6 Nov-2011)

## မြန်မာ့လေကြောင်းလိုင်း တိုးချဲ့ပျံသန်း

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းလိုင်းသည် ကမ္ဘောဒီးယားနိုင်ငံ Siem Reap(REP)နဲ့ ရန်ကုန်တပတ်နှစ်ကြိမ်ပျံသန်းနေရာက Phnom Penh (PNH) မြို့အထိ တိုးချဲ့ပျံသန်းဖို့ စတင်လိုက်ပါတယ်။ ဒီခရီးစဉ်တွေမှာ A320 aircraft လေယာဉ်နှင့် ပို့ဆောင်ပျံသန်းမှာဖြစ်တယ်လို့ သတင်းကဆိုပါတယ်။ (Anna.aero - 9 Nov-2011)

## လေးနိုင်ငံ ပူးတွဲကင်းလှည့်မည်

မဲခေါင်မြစ်ဝှမ်းတလျှောက် ကင်းလှည့်ထောက်လှမ်းဖို့ တရုတ်စစ်တပ် ကင်းလှဲစစ်သင်္ဘော ၅ စင်းကို တရုတ်အစိုးရက စေလွှတ်လိုက်ပါတယ်။ မဲခေါင် မြစ်ဝှမ်းကို ကာကွယ်ဖို့ ထိုင်း မြန်မာ လာအိုနဲ့တရုတ်နိုင်ငံတို့ သဘောတူလက် မှတ်ရေးထိုးပြီး အခုလို ပူးတွဲကင်းလှည့်ရေးကို စတင်လုပ်ခဲ့တာဖြစ်တယ်လို့ တ ရုတ်ပိုင် ဆင်ဟွာသင်းကဆိုပါတယ်။ တရုတ်ကုန်တင်သင်္ဘောအတိုက်အခိုက်ခံရ ပြီးနောက် အခုလိုတရုတ်က စစ်ရေးအရ အကာအကွယ်ပေးဖို့ကြိုးပမ်းလာတာ ဖြစ်တယ်လို့သတင်းကဆိုပါတယ်။ (New York Times - 9 Nov-2011)

## ဘန်ကောက်မြို့ရေလွှမ်းမှု အကျိုးဆက်

ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရေလွှမ်းမိုးမှုကြောင့် စက်ရုံအမြောက်အများ ပိတ်လိုက်ရပြီး မြန်မာအလုပ်သမားအများပြား အလုပ်လက်မဲ့ဖြစ်ကာ ရေဘေး ဒုက္ခရောက်နေကြရပါတယ်။ ဒီအလုပ်သမားတွေဟာ တရားဝင်မဟုတ်တဲ့အ တွက် ပိုမိုဒုက္ခရောက်ကြရတယ်လို့ Michael Peyra က Radio Australia ကိုပြောပါတယ်။ ဒီဒုက္ခသည်တွေဟာ နှစ်အတန်ကြာအောင် အလုပ်လက်မဲ့ဘ ဝဖြစ်နေကြရဦးမှာဖြစ်တယ်လို့လည်းဆိုပါတယ်။ (ABC - 9 Nov-2011)

## တိုင်းရင်းသားအရေး ထည့်ဆွေးနွေးသင့်

မကြာခင်ကျင်းမယ့် ဘာလီအာဆီယံထိပ်သီးအစည်းအဝေးမှာ မြန်မာ နိုင်ငံမှ တိုင်းရင်းသားတွေအပေါ် ကျူးလွန်နေတဲ့ အရေးကိစ္စကို ထည့်သွင်းဆွေး နွေးဖို့ မြန်မာအရေးကြိုးပမ်းနေတဲ့ ASEAN Inter-parliamentary Myanmar Caucus (AIPMC) အဖွဲ့မှာ တောင်းဆိုလိုက်ပါတယ်။ မြန်မာ့အရေးကိစ္စကို ကုလသမဂ္ဂနဲ့ပူးပေါင်းကြိုးပမ်းပေးဖို့ကိုလည်း အာဆီယံအဖွဲ့ကြီးကိုတိုက်တွန်း ထားပါတယ်၊ မြန်မာနိုင်ငံမှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေ ဆက်လက်ကျူးလွန် နေဆဲဖြစ်တဲ့အတွက် အာဆီယဥက္ကဋ္ဌတာဝန်ပေးဖို့ကိုလည်း ဆိုင်းငံ့ထားသင့်တဲ့ အကြောင်း ပြောဆိုထားပါတယ်။ (Asiantribune - 13 Nov-2011)

## အခွင့်အရေးချိုးဖောက်မှုတွေ မရပ်သေး

အင်းစိန်ထောင်တွင်း အစာငတ်ခံဆန္ဒပြနေတဲ့ သံဃာတော်တပါးရဲ့ ကျန်းမာရေးအခြေအနေဆိုးဝါးနေကြောင်း ကုလသမဂ္ဂအထူးသံ Tomas Ojea Quintana ကပြောဆိုပါတယ်။ ၁၅ ယောက် အစာငတ်ခံဆန္ဒပြတဲ့အထဲက ၈ ယောက်ကို ခွဲးတိုက်အတွင်းထည့်လိုက်တယ်လို့ဆိုပါတယ်။ ဆရာတော် အရှင်ဂန္ဓိရသည် ဆေးကုသဖို့အရေးလိုအပ်နေတယ်လို့လည်း ကုလအထူးသံ ကို ပြောဆိုပါတယ်။ တိုင်းရင်းသားလူမျိုးစုတွေအပေါ် မတရားပြုကျင့်မှုတွေ လူ့ အခွင့်အရေးချိုးဖောက်မှုတွေ ဆက်ဖြစ်နေတယ်လို့လည်း Mr.Quintana က ကုလသမဂ္ဂအစီရင်ခံစာမှာဖော်ပြထားပါတယ်။ (UPI - 8 Nov-2011)

# ဆက်ကြေးမရလို့ ဝန်ထမ်းတန်းလျားကို လက်နက်ကိုင်အုပ်စုက မီးရှို့

**Mizzima | နိုဝင်ဘာ ၉ ။** ။ အမှတ် (၂) စက်မှုဝန်ကြီးဌာန လက်အောက်ရှိ မြန်မာ့နစ်ရည်ပင် လုပ်ငန်း ရာဘာခြံထံမှ ဆက်ကြေးငွေမရရှိသည့်အတွက် ဝန်ထမ်းများ နားခိုရာတန်းလျားကို မီးရှို့သည့်ဖြစ်ရပ် တခု စနေနေ့ ညနေပိုင်းတွင် ဖြစ်ပွားခဲ့သည်။

မွန်ပြည်နယ် မုဒုံမြို့နယ် တောင်ဘက်အစွန်ရှိ ကွမ်လှာရွာနှင့် သံဖြူဇရပ်မြို့နယ် ဖောင်စိန်ရွာကြား ဧက ၇၀၀ ခန့်ရှိ အဆိုပါ ရာဘာခြံအား နိုဝင်ဘာ ၀၊ရက်နေ့ညနေ သုံးနာရီခွဲခန့်တွင် ဟပွေးသန်းလွင် (ခေါ်) ကိုရင်လေးအဖွဲ့ဟု လူသိများသည့် မွန်လက်နက်ကိုင်အဖွဲ့မှ လက်နက်ကိုင်လေးဦးက ဆက်ကြေးငွေ ၁၂ သိန်း တောင်းခံထားရာမှ မရရှိသည့်အတွက် လက်နက်ကိုင် လေးဦးပါအဖွဲ့က လာရောက် မီးရှို့ဖျက်ဆီးခဲ့သည်ဟု ဒေသခံများက ပြောသည်။

အောက်တိုဘာလကုန်ပိုင်းကတည်းက တောင်းခံထားသော ဆက်ကြေးငွေကျပ်၁၂သိန်းမရရှိသည့်အတွက်လုပ်သွားခြင်းဖြစ်သည်ဟုဆိုကာ "မီးရှို့တာလည်း နေ့ခင်းကြောင်တောင် နေကျဲကျဲပူတဲ့အချိန်၊ နောက်တော့ ကြောက်ပြီးအားလုံးထွက်ပြေးသွားကြတယ်ဆိုတော့ အားလုံးလောင်သွားတာပဲ။" ဟု ကွမ်လှာရွာသူတဦးက ပြောသည်။

အဆိုပါဖြစ်ရပ်ကြောင့် တန်းလျားတလုံးနှင့် ဝန်ထမ်း ၂၀ ခန့်၏ အသုံးအဆောင်များ မီးလောင်ဆုံးရှုံးခဲ့သည်။ အခင်းဖြစ်ပွားရာရာဘာခြံသည် မုဒုံနှင့်သံဖြူဇရပ်မြို့နယ်ကြား အဝေးပြေး မော်တော်ကားလမ်းဘေးတွင်ရှိပြီး သံဖြူဇရပ်ပြင်ရှိ ခလရ ၆၂ နှင့် တကီလိုမီတာခန့်သာ ကွာဝေးသည်။

ဖောင်စိန်ရွာမှ ရာဘာခြံရှင်တဦးကလည်း "မီးရှို့တဲ့လူတွေလည်း ရှို့ပြီးတာနဲ့ချက်ချင်း လမ်းက ဆိုင်ကယ်ကိုတားပြီးသူတို့ကို လိုက်ပို့ဖို့ ခေါ်သွားတယ်။ အဘစ်ရွာ အရှေ့ဘက် တောထဲဝင်သွားတယ်လို့ ဆိုင်ကယ်သမားတွေက ပြောတယ်" ဟု ပြောသည်။

အခင်းဖြစ်ပွားပြီးနောက် နံနက် ၆ နာရီ မထိုးမီ ရွာပြင်မထွက်ကြရန် ကွမ်လှာရွာနှင့် ဖောင်စိန်ရွာများတွင် ရွာလှည့် မောင်းခတ်ကာ အသိပေးထားပြီး ရာဘာခြစ်ဝန်ထမ်းများလည်း ယနေ့တိုင် အလုပ်ရပ်နားထားကြသည်ဟု အထက်ပါရာဘာခြံရှင်က ပြောသည်။ အခင်းဖြစ်ပွားရာ အနီးတဝိုက်ဖြစ်သည့် ဖေါင်စိန်၊ ကွမ်လှာနှင့် မီးရှို့သူများထွက်သွားသည့် ရောင်းဒေါင်း၊ နီးပဒေါနှင့် အဘစ်ကျေးရွာ ကားလမ်းအရှေ့ဖက်တလျှောက်တွင် အစိုးရတပ်များက ရှာဖွေလျက်ရှိသည်။

အောက်တိုဘာလ ၂၁ ရက်နေ့တွင်လည်း မွန်ပြည်နယ်တောင်ပိုင်းရှိ လမ်းတံတားများကို ပြုပြင်ဆောက်လုပ်ရန် ကန်ထရိုက်ရယူထားသည့် AK (အေးကို) မိသားစုကုမ္ပဏီပိုင် မော်တော်ကားနှင့်ဝန်ထမ်းအိမ်ရာကို အထက်ပါ လက်နက်ကိုင်အဖွဲ့က မုဒုံမြို့နယ် ကမာဝက်ရွာအနီးတွင် မီးရှို့ကာ ဝန်ထမ်းများကို ပြန်ပေးဆွဲ ခေါ်ဆောင်သွားခဲ့ပြီး အောက်တိုဘာ လကုန်ပိုင်းတွင်ဝန်ထမ်းလေးဦးကို သိန်း ၄၀ ဖြင့်ပြန်လွှတ်ပေးခဲ့သည်။

အလားတူ ဇွန်လ ၁၁ ရက်နေ့တွင်လည်း မုဒုံ-သံဖြူဇရပ်ကြားတွင် လမ်းဖောက်နေသည့် AK ကုမ္ပဏီ ဝန်ထမ်းတဦးကို ထိုအဖွဲ့ကပင် ငွေကျပ် သိန်း ၁၅၀ ဖြင့် ပြန်ရွေးရန် ပြန်ပေးဆွဲခဲ့ပြီး ဇူလိုင်လလယ်ခန့်တွင် ပြန်လွှတ်ပေးခဲ့သည်။

ဇင်းပြင် ဇူလိုင်လနှင့် ဩဂုတ်လတွင်လည်း ကမာဝက်ရွာနှင့် ပတ်ဝန်းကျင်ရွာများရှိ စီးပွားရေးချောင်လည်သည့် အိမ်များသို့ စာရေးသားပေးပို့ကာ ဆက်ကြေးတောင်းခံခဲ့ပြီး၊ ဇူလိုင်လ ၁၇ ရက်နေ့တွင်လည်း မုဒုံနှင့်သံဖြူဇရပ်ကြားရှိ အစိုးရရာဘာခြံတခြံမှ တဲတလုံးကိုမီးရှို့ဖျက်ဆီးခဲ့သေးသည်။ မေလ ၁၄ ရက်က မုဒုံမြို့အနီး အော်တိုအိတ်ချိန်းရုံး ဖုံးပေါက်ကွဲသည့်ဖြစ်ရပ်နှင့် ဇွန်လ ၂၉ ရက်နေ့က သံဖြူဇရပ်မြို့နှင့် ရေးမြို့နယ်အကြား ခရီးသည်တင် မှန်လုံကားနစ်စီးကို မီးတင်ရှို့ပြီး ကားသမားခြောက်ဦးကိုပြန်ပေးဆွဲသွားသည့် ဖြစ်ရပ်တွင်လည်း ဇင်းအဖွဲ့နှင့် ပတ်သက်နေသည်ဟု ဒေသခံများက ယူဆကြသည်။

ယခင်က မွန်အမျိုးသား ကာကွယ်ရေးတပ်ဟု အမည်ပေးထားသည့် ထိုလက်နက်ကိုင်အဖွဲ့သည် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ကြာအင်းဆိပ်ကြီးမြို့နယ်ဘက်တွင် လှုပ်ရှားနေပြီး AK ကုမ္ပဏီဝန်ထမ်းလေးဦးကို ပြန်ပေးဆွဲစဉ်ကလည်း ကြာအင်းဆိပ်ကြီးမြို့နယ် တောင်ဒီးဒေသဘက်တွင် ထိန်းသိမ်းထားခဲ့သည်ဟု ပြန်လွှတ်လာသူများနှင့် နီးစပ်သူတို့က ပြောသည်။

---

## ရုပ်ရှင်အတွက် ကျေးဇူးတင်ကြောင်း ဒေါ်စုပြောဆို

**RFA | နိုဝင်ဘာ ၈ ။** ။ The Lady ရုပ်ရှင်ဇာတ်ကားကြောင့် မြန်မာနိုင်ငံအကြောင်းကို ပိုမိုနားလည်လာကြမှာဖြစ်တဲ့အတွက် ကျေးဇူးတင်ရှိပါကြောင်း မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ဇာတ်ကားရိုက်ကူးသူ ဒါရိုက်တာ လုဘက်ဆင် (Luc Besson) ကို ပြောဆိုလိုက်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကို စာတစ်စောင် ရေးသားပေးပို့ခဲ့တဲ့ ဒါရိုက်တာ Luc Besson က ဒီကနေ့ ပြင်သစ်တက္ကသိုလ် ကျောင်းသားတစ်စုနဲ့တွေ့ဆုံပွဲမှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပြန်ကြားချက်ကို အခုလို ပြောပြခဲ့တာပါ။ ဒါ့အပြင် ဒီရုပ်ရှင်ဇာတ်ကား မိတ္တူကို သူ့ဆီပို့နိုင် မပို့နိုင် ဒေါ်အောင်ဆန်းစုကြည်က မေးမြန်းခဲ့တယ်လို့လည်း ဆိုပါတယ်။

The Lady ရုပ်ရှင် ရိုက်ကူးခဲ့ပုံနဲ့ပတ်သက်ပြီး ဒါရိုက်တာ Luc Besson က ပြန်ပြောပြရာမှာ ဒီရုပ်ရှင်အတွက် နောက်ခံ ဇာတ်ဝင်ခန်းတချို့ကို မြန်မာနိုင်ငံတွင်းမှာ ခရီးဆောင် ကင်မရာအသေးစားတစ်ခုနဲ့ ရိုက်ကူးခဲ့ရတယ်လို့ ဆိုပါတယ်။

မြန်မာနိုင်ငံတွင်းမှာ စုစုပေါင်း ၁၇ နာရီကြာ လျှို့ဝှက် ရိုက်ကူးခဲ့ပြီး တစ်ကြိမ်မှာဆိုရင် မြန်မာစစ်သားတစ်ယောက်နဲ့ ၁၀ ပေ လောက် အကွာကနေ ရိုက်ကူးခဲ့တယ်လို့လည်း ပြောပါတယ်။

ဒီရုပ်ရှင်ထဲမှာ ဖခင်ဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးခဲ့ပုံ အကြောင်း၊ ခင်ပွန်းသည် မိုက်ကယ်အဲရစ် ကွယ်လွန်ပုံအကြောင်းရိုက်ကူးထားတဲ့အခန်းတွေကို သူ့အနေနဲ့ အတော်အားတင်း ကြိုးစားကြည့်ရှုရမှာဖြစ်တဲ့အကြောင်း ဒေါ်အောင်ဆန်းစုကြည်ကပြောတယ်လို့လည်း ဆိုပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ရဲ့ သားနှစ်ယောက်အနက် တစ်ယောက်ကတော့ ဒီရုပ်ရှင်ကိုကြည့်ပြီး အလွန် စိတ်လှုပ်ရှားခဲ့ရတယ်လို့ ဆိုပါတယ်။

**ပြက္ခဒိန်မှ**

**နိုဝင်ဘာ ၉ | RFA ||** || နိုင်ငံရေးအကျဉ်းကျဆဲ ၁၉၉၇ တွင် ကွယ်လွန်ခဲ့စဉ် ခန္ဓာကိုယ်တွင် နှိပ်စက်ဒဏ်ရာများဖြင့် တွေ့ရှိရသော ဦးမောင်ကို ကွယ်လွန်သည့် ၂၁ နှစ်မြောက်နေ့ကျင်းပ၏။

**နိုဝင်ဘာ ၉ | RFA ||** || ၈၈ မျိုးဆက်အဖွဲ့ဝင်အားလုံး အမြန်ဆုံးလွှတ်မြောက်ရေး ကြိုးပမ်းမည်ဟု ၈၈ ကျောင်းသားအဖွဲ့ မှဆို၏။

**နိုဝင်ဘာ ၉ | Radio Australia ||** || ထိုင်းရေဘေးကြောင့် ထိုင်းနိုင်ငံ၏ စီးပွားရေးသည် နှစ်ပေါင်းများစွာ ထိခိုက်မည်ဖြစ်ပြီး၊ ပထမဆုံး ဒုက္ခရောက်သူများသည် မြန်မာမှ ဒုက္ခသည်များဖြစ်၏။

**နိုဝင်ဘာ ၉ | NYT ||** || တရုတ်သည် မဲခေါင်ရေယာဉ်များကို အခြား အာရှမဲခေါင်နိုင်ငံများနှင့် ပူးတွဲ၍ ကင်းစောင့်ယာဉ်များဖြင့် စောင့်ကြပ်တော့မည်။

**နိုဝင်ဘာ ၉ | BP ||** || မြန်မာရှိ မူးယစ်ဆေးဂိုဏ်းသို့ အအေးမိဆေးများစွာပို့ခဲ့၍ ထိုင်းအမျိုးသမီးရဲအရာရှိကြီး Sirat Jaichum အားချင်းရိုင်တွင် ဖမ်းခဲ့ကြောင်း။

**နိုဝင်ဘာ ၉ | VOA ||** || အမေရိကန်၊ တရုတ်နှင့် ရုရှတို့သည် အာဆီယံ၏ နိုဝင်ဘာ ၁၄ ၊ ၁၉ ဘာလီညီလာခံသို့ တက်ရောက်မည်။

**နိုဝင်ဘာ ၉ | Irrawaddy ||** || မူလတန်းကျောင်းအုပ်ဟောင်းတဦးသည် ပင်စင်လစာဖြင့် မလုံလောက်၍ ဘီယာဆိုင်ညစောင့်အဖြစ် ရှေ့မျက်နှာနောက်ထား လုပ်နေရသည့် မြန်မာပင်စင်စားများ ဒုက္ခရောက်နေကြောင်း။

**နိုဝင်ဘာ ၉ | Irrawaddy ||** || အင်းစိန်ထောင်တွင် အစာတော်ခံဆန္ဒပြ နိုင်ငံရေးအကျဉ်းသားများအား မိသားစုမိတ်ဆွေများ ထောင်ဝင်စာတွေ့ခွင့်မရကြောင်း။

**နိုဝင်ဘာ ၉ | BBC ||** || ယခင်နှစ် နိုဝင်ဘာတွင် ထုတ်လွှင့်ခဲ့သည့် ဘီဘီစီ၏ ရခိုင်ပြည်နယ်တွင် ရိုဟင်ဂျာများနေသော မြေပုံနှင့်သတင်းသည် မြန်မာပြည်တွင် ဂယက်ရိုက်နေ၏။

**နိုဝင်ဘာ ၉ | DVB ||** || ကြားဖြတ်ရွေးကောက်ပွဲတွင် ပြည်ထောင်စုညီညွတ်ရေးပါတီ NUP မှ ယှဉ်ပြိုင်သူ ၂၀ ဦးဖြင့် ဝင်ရောက်အရွေးခံမည်ဟု ပါတီပြော ဆိုခွင့်ရှိသူ ဦးဟန်ရွှေမှဆို၏။

**နိုဝင်ဘာ ၉ | Irrawaddy အယ်ဒီတာအာဘော် ||** || နိုင်ငံလူဦးရေ ၇၀ ရာနှုန်းခန့်လယ်စိုက်လုပ်ငန်းအပေါ် မှီခိုသည့်မြန်မာတွင် သမတဦးသိန်းစိန်၏ မတ်လ ပါလီ မန်မိန့်ခွန်းတွင် လယ်သမားများအတွက် ပြောခဲ့သော်လည်း ယခုတိုင် လယ်သမားများသည် (အစိုးရမှ) မေ့လျော့နေသော လူများဖြစ်ကြောင်း။

**နိုဝင်ဘာ ၉ | Mizzima ||** || ယခုလဆန်းတွင် စခဲ့သည့် မန္တလေး ဒေသညီလာခံ ဒုတိယအပိုင်းသို့ သတင်းထောက် ၁၇ ဦးအား အကန့်အသတ်ဖြင့် သတင်းယူ ခွင့်ပြုခဲ့ကြောင်း။

**နိုဝင်ဘာ ၁၀ | RFA ||** || နိုင်ငံရေးအကျဉ်းသားများကို တန်ဆောင်မုန်းလပြည့်နေ့ သို့မဟုတ် မကြာခင်လွှတ်မြောက်မည်ဟု ထင်မြင်ကြောင်း ဒေါ်အောင်ဆန်းစု ကြည်မှဆို၏။

**နိုဝင်ဘာ ၁၀ | RFA ||** || ထောင်တွင်း အစာတော်ခံဆန္ဒပြ နိုင်ငံရေးအကျဉ်းသားများသည် နိုဝင်ဘာ ၄ တွင် ဆန္ဒပြပွဲရပ်ဆိုင်းခဲ့သည်ဟု ယူဆကြောင်း မိသားစုဝင် များမှဆို၏။ လယ်သမားများအား ကိုယ်တိုင်ခံဝန်ဖြင့် လက်ရှိပေးထားပြီး နောင်ရုံးချိန်းများတွင် တပါးသူအာမခံများပေးမည်ဟုဆိုကာ ဗိုလ်တထောင်တရားရုံးမှ အမိန့်ချမှတ်၍ လယ်သမားများ မကျေနပ်ကြောင်း ရှေ့နေဦးဖိုးဖြူမှ ဆို၏။

**နိုဝင်ဘာ ၁၁ | DVB ||** || ရွှေဝါရောင်သံဃာ့ခေါင်းဆောင် အရှင်ဂမ္ဘီရသည် ကျန်းမာရေးနည်းငယ် ပြန်ကောင်းလာ၏။

**နိုဝင်ဘာ ၁၁ | DVB ||** || နိုဝင်ဘာ ၁၀ နေ့ နမ့်ခမ်း ရဲစခန်းတွင် ပုံးပေါက်ကွဲ၍ ရဲတဦးသေဆုံး ရဲတဦးနှင့် အမျိုးသမီးနှစ်ဦး ဒဏ်ရာရ၏။

**နိုဝင်ဘာ ၁၁ | RFA ||** || နိုင်ငံရေးကျဉ်း ၂၃ နှစ်ကျ အရှင်ဦးကေလာသ ကျန်းမာရေးချို့တဲ့နေကြောင်း။

**နိုဝင်ဘာ ၁၁ | NLD ||** || ဒေါ်အောင်ဆန်းစုကြည် လွှတ်မြောက်သည့် တနှစ်ပြည့်အထိမ်းအမှတ်အဖြစ် အဲန်အဲလ်ဒီလူငယ်များဦးစီး၍ ဆေးရုံ ၃ ခုတွင် သွေးလှူ ပွဲများကျင်းပမည်။

**နိုဝင်ဘာ ၁၂ | BBC ||** || အစိုးရသစ်သည် လူ့အခွင့်အရေးဆိုင်ရာ တိုးတက်မှုမရှိသေးဟု လူ့အခွင့်အရေးမှတ်တမ်းကွန်ယက် ( မြန်မာနိုင်ငံ) မှဆို၏။

**နိုဝင်ဘာ ၁၂ | BBC ||** || ရှမ်းပြည်နယ်တပ် (မြောက်) သည် နေပြည်တော်တွင် အစိုးရငြိမ်းချမ်းရေးတာဝန်ခံ ဦးသိန်းဇော်နှင့် ဦးအောင်သောင်း ( ကြံ့ဖွံ့ ) တို့နှင့် အောက်တိုဘာ ၂၈ တွင် ငြိမ်းချမ်းရေး အစပျိုး ဆွေးနွေးခဲ့၏။

**နိုဝင်ဘာ ၁၂ | RFA ||** || ကေအင်ယူသည် မြန်မာဗဟိုအစိုးရနှင့်ငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက် ပြင်ဆင်ခြေလှမ်းအဖြစ် ၇ ဦးပါ အဖွဲ့ဖွဲ့ပြီးကြောင်း။

**နိုဝင်ဘာ ၁၂ | RFA ||** || မြန်မာနိုင်ငံအနှံ့ နယ်လှည့်၍ နိုင်ငံရေးအကျဉ်းသားအားလုံးအား ဇာဂနာ( ဦးသူရ) သည် အင်းစိန်ထောင်တွင် လူစေ့မကူညီနိုင်သေးခြင်း နှင့် ရွှေဘိုထောင်သို့ မရောက်သေးခြင်းမှလွဲ၍ အခြား ထောင်အားလုံးသို့ ကူညီပံ့ပိုးနိုင်ခဲ့ကြောင်း ဇာဂနာမှဆို၏။

**နိုဝင်ဘာ ၁၂ | RFA, ND ||** || မြန်မာတွင် နိုင်ငံရေးအကျဉ်းသားများ လွှတ်မြောက်ရေးအတွက် အိန္ဒိယတွင် ဘာသာစုံ ဆုတောင်းပွဲကျင်းပ၏။

**နိုဝင်ဘာ ၁၂ | RFA ||** || နိုင်ငံရေးအကျဉ်းသားအချို့ ပြန်လွှတ်လာသော်လည်း ထောင်တွင်း လူ့အခွင့်အရေးချိုးဖေါက်မှုများ ပို၍ပင်ဆိုးရွားလာကြောင်း AAPP ၏ အောက်တိုဘာအစီရင်ခံစာမှဆို၏။

**နိုဝင်ဘာ ၁၂ | RFA ||** || နိုင်ငံရေးအကျဉ်းမှလွတ်လာသော သံဃာ ၁၂ ပါးအား သိက္ခာထပ်၊ သိမ်တက်မင်္ဂလာအခန်းအနားကို ဒဂုံမြို့သစ် မကွေးပရိယတ္တိ စာ သင်တိုက်တွင် ယနေ့ကျင်းပနိုင်ခဲ့၏။ မကွေးစာသင်တိုက်ဆရာတော် ဦးပါမေါက္ခမှ ဆရာဦးဝင်းတင်အား သုရသတ္တိဆု ကို ချီးမြှင့်ခဲ့၏။

**နိုဝင်ဘာ ၁၂ | RFA ||** ||မိုးမောက်မြို့နယ်အတွင်း ဖက္ကွန်ကျေးရွာအနီးက တောင်ကုန်းကို မနေ့က တိုက်ခိုက်ရာတွင် အစိုးရတပ်တွေမှ ဓာတုအဆိပ်ဓာတ်ငွေ့ပါ သည့် လက်နက်များကို ပိုမိုအသုံးပြုလာနေကြောင်း ကေအိုင်အိုပြောခွင့်ရ ဦးလနန်က ပြောသည်။

**နိုဝင်ဘာ ၁၃ | Xinhua ||** || အင်တာနက်အပါအဝင် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို နိုင်ငံသဘောတူစာချုပ်ချုပ် ဆိုခဲ့သည်။ Xinwei Telecom Technology Co., Ltd. တရုပ်ကုမ္ပဏီနှင့် Myanmar Link Global Co.,Ltd. ကုမ္ပဏီတို့ပူးပေါင်းဆောင်ရွက်မှာဖြစ်ပြီးလော လောဆယ် နေပြည်တော် ရန်ကုန်နှင့် မန္တလေးမြို့တွေမှာ တပ်ဆင်မှာ ဖြစ်ပြီး နောက် ၅ နှစ်အတွင်းမှာ တနိုင်ငံလုံးအတိုင်းအတာနှင့်လုပ်ဆောင်သွားမှာဖြစ်တယ် ကြောင်း သတင်းကဆို၏။

**နိုဝင်ဘာ ၁၃ | VOA ||** ||ရခိုင်ပြည်နယ် မင်းပြားမြို့မှ မြို့မဈေးကြီး မနေ့က မီးလောင်မှုဖြစ်ပွားခဲ့ရာ ဆိုင်ခန်းအားလုံးပေါင်း ၆၀၀ ကျော်ရှိသည့်အနက် ၅၀၀ ထက် မနည်း မီးထဲပါသွားကြောင်း၊ မင်းပြားမြို့တွင် မီးသတ်ကားမရှိမှုကြောင့် မီးငြိမ်းသတ်နိုင်ခဲ့ခြင်းမရှိဟုဆို၏။

# တိုင်းရင်းသားအရေး ဒေါ်အောင်ဆန်းစုကြည် ညှိနှိုင်းပေးဖို့ NCUB တိုက်တွန်း

**VOA၊ နိုဝင်ဘာ ၉။** ။ မြန်မာနိုင်ငံမှာ တနိုင်ငံလုံးအတိုင်းအတာနဲ့အပစ်အခတ်ရပ်စဲရေး ရရှိနိုင်ဖို့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ လက်နက်ကိုင် တိုင်းရင်းသားအဖွဲ့တွေနဲ့ အစိုးရအကြား ဝင်ရောက်စေ့စပ်ညှိနှိုင်းပေးဖို့ ပြည်ပရောက်ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီက တိုက် တွန်းထားပါတယ်။ NCUB အထွေထွေအတွင်းရေးမှူးဦးမောင်မောင်ကို ဆက်သွယ်မေးမြန်းထားတဲ့ မခင်ဖြူထွေးက အပြည့်စုံ တင်ပြထားပါ တယ်။

မြန်မာနိုင်ငံမှာတပြည်လုံးအတိုင်းအတာနဲ့အပစ်အခတ်ရပ်စဲပြီး ငြိမ်းချမ်းရေးရယူနိုင်ဖို့မှာ တိုင်းရင်းသားအဖွဲ့တွေရဲ့ လေးစားယုံကြည်မှုကို ရထားတဲ့ မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ မြန်မာအစိုးရနဲ့ တိုင်းရင်းသားအဖွဲ့တွေအကြား ကြားဝင်ပြီးစေ့စပ်ညှိနှိုင်း ဆောက်ရွက်ပေးဖို့ NCUB က နိုဝင်ဘာလ ၉ ရက်နေ့ နေ့စွဲနဲ့ ကြေညာချက်ထုတ်ပြန် တောင်းဆိုလိုက်တာဖြစ်ပါတယ်။ ဒီတောင်းဆိုမှုနဲ့ပတ်သက်လို့ NCUB အထွေထွေ အတွင်းရေးမှူးဦးမောင်မောင်က အခုလိုရှင်းပြပါတယ်။

"ကျနော်တို့ကတော့ ကျနော်တို့နိုင်ငံကို ပြန်လည်ထူထောင်ဖို့၊ အေးချမ်းဖို့ဆိုတဲ့ကိစ္စက အရင်ဆုံး တနိုင်ငံလုံးအတိုင်းအတာနဲ့ အပစ်အခတ်ရပ်စဲဖို့လိုတယ်ဆိုတာကိုကျနော်တို့အကြိမ်ကြိမ်အခါခါတင်ပြပါတယ်။ အခုလည်း ထပ်မံပြီးတင်ပြတယ်။ ဒါပေမဲ့ တင်ပြရုံတင်မကဘဲနဲ့ ဘယ်လိုလုပ်မယ်ဆိုတဲ့ကိစ္စကိုလည်း ကျနော်တို့ အခု ထည့်ပြီးတော့ ဆွေးနွေးတဲ့ကိစ္စပါ။ကျနော်တို့မြင်တာကတော့ဒေါ်အောင်ဆန်းစုကြည်ကနေပြီးတော့ ကျနော်ထင်တယ်၊ ဇူလိုင်လ ၂၈ ရက်နေ့မှာထင်တယ်။ ဒီ တိုင်းရင်းသားအဖွဲ့အစည်းတွေနဲ့ ကျနော်တို့ ဦးသိန်းစိန်အစိုးရကြားထဲမှာ စေ့စပ်ဆွေးနွေးဖို့ကို စာထုတ်ပြီးတော့ ပြောထားတာရှိပါတယ်။ ဒီဟာကိုလည်း ကျနော်တို့ လေ့လာတဲ့အခါမှာ တိုင်းရင်းသားခေါင်းဆောင်တွေအားလုံးက သဘောကျတယ်။ ဒါက ဖြစ်သင့်တယ်ဆိုတဲ့ အနေအထားမျိုးကို ကျနော်တို့က သိရှိရတယ်။"

"ဒါကြောင့်မို့လို့ ကျနော်တို့ကတော့ ဒီအချိန်မှာ တင်းမာနေတဲ့ အနေအထားရှိတယ်ပေါ့ဗျာ။ ဦးသိန်းစိန်အစိုးရနဲ့ တိုင်းရင်းသားခေါင်းဆောင်တွေကြားမှာ တိုင်းရင်းသားအဖွဲ့အစည်းတွေကြားမှာ ပြင်းထန်တဲ့အနေအထားရှိတယ်။ ဒါကို ကြားထဲကနေပြီးတော့ ကျနော်တို့ အပြည်ပြည်ဆိုင်ရာက မပါဘဲနဲ့ပြည်တွင်းက ခေါင်းဆောင်တစ်ဦးဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD ပါတီကနေပြီးတော့ စေ့စပ်ပေးလိုက်မယ်ဆိုရင် အဆင်ပြေနိုင်တဲ့အနေအထားရှိတယ်ဆိုတာကို တွေ့တဲ့အတွက်ကြောင့် ဒါကို လုပ်ငန်းတစ်ခုအနေနဲ့ ကျနော်တို့ တင်ပြခြင်းဖြစ်ပါတယ်။ ဒီ့အပြင်ကိုလည်း လွန်ခဲ့သော တစ်ရက်နှစ်ရက်ကပဲ ဒီ NLD ပါတီအနေနဲ့သူတို့မှတ်ပုံတင်ခြင်း မတင်ခြင်းနဲ့ပတ်သက်ပြီးတော့ တိုင်းရင်းသားနိုင်ငံရေးပါတီတွေ၊ CRPP မှာရှိတဲ့ခေါင်းဆောင်တွေနဲ့ UNA ကိုရောဖိတ်ခေါ်ပြီး ပြောကြားတယ်ဆိုတဲ့ကိစ္စကိုကြည့်လိုက်တဲ့အခါမှာ ဒါဟာ အားလုံးသော တိုင်းရင်းသားအဖွဲ့အစည်းတွေ ပါဖို့ရှိတယ်ဆိုတဲ့ အနေအထားရှိတဲ့အတွက်ကြောင့် ဒီလို ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD ကနေပြီးတော့ စေ့စပ်ညှိနှိုင်းပေးရင် ကျနော်တို့ လုပ်ငန်းတော်တော်အောင်မြင်မယ်လို့ ယုံကြည်လို့ ကျနော်တို့ တင်ပြတာဖြစ်ပါတယ်။"

ပြီးခဲ့တဲ့ အောက်တိုဘာလ ၁၈ ရက်နေ့ကပဲ မြန်မာအစိုးရက မြန်မာနိုင်ငံမှာ လက်နက်ကိုင်ပဋိပက္ခတွေဖြေရှင်းပြီး ငြိမ်းချမ်းရေးဖော်ဆောင်လိုတဲ့ တိုင်းရင်းသားအဖွဲ့အစည်းတွေနဲ့ တွေ့ဆုံဆွေးနွေးချင်တယ်ဆိုပြီးတော့ ကမ်းလှမ်းချက်ကို တရားဝင်ကြေညာခဲ့ပါတယ်။ ဒီလိုတွေ့ဆုံတဲ့နေရာမှာ ပထမအဆင့်အနေနဲ့ တဖွဲ့ချင်းလိုက် သက်ဆိုင်ရာပြည်နယ်နဲ့ တိုင်းဒေသကြီး အစိုးရအဖွဲ့တွေနဲ့ ဆက်သွယ်ဆောင်ရွက်ဖို့ပြောဆိုထားတာပါ။ ဒါပေမဲ့ တိုင်းရင်းသားအဖွဲ့တွေဘက်က တဖွဲ့ချင်းစီနဲ့ တွေ့ဆုံတာမျိုးမဟုတ်ဘဲ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေအများစုပါဝင်တဲ့ ညီညွတ်သော တိုင်းရင်းသားများ ဖယ်ဒရယ်ကောင်စီ (UNFC) အနေနဲ့သာ တွေ့ဆုံဆွေးနွေးနိုင်မယ်လို့ ပြောဆိုထားတာပါ။ တချိန်တည်းမှာလည်း တိုင်းရင်းသားနယ်မြေတွေမှာ မြန်မာစစ်တပ်ရဲ့ ထိုးစစ်ဆင်မှုတွေ ဆက်လက်ရှိနေဆဲဖြစ်တာကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ မြန်မာအစိုးရအကြား တင်းမာမှုတွေ ပြင်းထန်နေတုန်းလို့ဆိုရမှာပါ။ ဒါကြောင့် ဒီအခြေအနေတွေ ပြေလျော့ဖို့မှာကြားဝင်ဆောင်ရွက်နိုင်မယ့် ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD ရဲ့ အခန်းကဏ္ဍကို ဦးသိန်းစိန်အစိုးရကလည်း အသိအမှတ်ပြုပေးဖို့လိုတယ်၊ ဒီအတွက် တောင်းဆိုရမှာဖြစ်တယ်လို့လည်း ဦးမောင်မောင်က ပြောပါတယ်။

"ခွင့်ပေးဖို့ကိစ္စဆိုတာကလည်း တောင်းဆိုမှ ဖြစ်တာလေ။ တောင်းဆိုတယ်ဆိုတာ တိုင်းရင်းသားတွေဘက်ကလည်းတောင်းဆိုသ လို NLD နဲ့ ဒေါ်အောင်ဆန်းစုကြည်ကလည်း ပြောထားပြီးသားကိစ္စရှိတယ်။ offer လုပ်ထားပြီးသားပေါ့ဗျာ။ ဒါကို လုပ်ပေးမယ်ဆိုရင်လည်း လုပ်ပေးမယ်ဆိုရုံတခုတည်းနဲ့မပြီးသေးဘူး။ လက်တွေ့ ဒါကိုတော့လုပ်သင့်တယ်ဆိုတဲ့ အနေအထားနဲ့ ထပြီးတော့လုပ်လိုက်မှ သာလျှင်ဒါက ငြင်းဆိုခြင်းရှိလားမရှိလား ဆိုတာပေါ်လာမှာကိုး။ ကျနော်ကတော့ ဒါကို တောင်းဆိုသင့်တယ် တိုင်းရင်းသားတွေဘက်ကရော NLD ပါတီဘက်ကရော ဒါကလုပ်သင့်တဲ့လုပ်ငန်းတစ်ခု အနေနဲ့ပေါ့နော် အရင်ဆုံးဆွေးနွေးစေချင်တယ်။ ဒါမှသာ တိုင်းရင်းသားတွေကလည်း တဖွဲ့တည်းတွေ့မယ်ဆိုတဲ့ကိစ္စက ဘာကိုရည်ရွယ်ပြီးပြောတာလဲဆိုတာကိုလည်း ကြားကနေပြီးတော့ မေးပေးလို့ရမယ်ဆိုတဲ့အနေအထားမျိုးကို ကျနော်တို့ ပေါ်လာမှာပေါ့ခင်ဗျာ။ အဲဒါကို ကျနော်တို့ ပြောတာပါ။"

ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ (NCUB) ရဲ့ အထွေထွေအတွင်းရေးမှူးဦးမောင်မောင်ဖြစ်ပါတယ်။ အခုချိန်မှာ မြန်မာနိုင်ငံတွင်းမှာ အတိုက်အခံတွေနဲ့အစိုးရကြား ပြေလည်တဲ့ အရိပ်အယောင်တွေ တွေ့နေရပေမဲ့ နယ်စပ်တလျှောက်မှာတော့ တိုင်းရင်းသားလက်နက်ကိုင်တွေနဲ့ မြန်မာအစိုးရကြား တင်းမာမှုတွေ ကြီးမားနေဆဲပါ။ လက်နက်ကိုင်တိုက်ပွဲတွေကြောင့်လည်း အိုးအိမ် စွန့်ခွာထွက်ပြေးနေကြရတဲ့ မြန်မာဒုက္ခသည်ပေါင်း ၄ သိန်း ၅ သောင်း ၁ ထောင်ရှိနေပြီလို့ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ အေဂျင်စီ UNHCR က ပြောဆိုထားပါတယ်။

# "သူရ သတ္တိ" ဆုကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင်တဦးဖြစ်သူ ဦးဝင်းတင်အား ချီးမြှင့်

**Mizzima ၊ နိုဝင်ဘာ ၉ ။** ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင်တဦးဖြစ်သော ဦးဝင်းတင်အား ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ပင် တိုင်းပြည်အတွက် အနစ်နာခံ လုပ်ဆောင်ခဲ့သည်ဟုဆိုကာ ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်ရှိ မကွေး ပရိယတ္တိကျောင်းတိုက် ဆရာတော်မှ "သူရသတ္တိ" ရွှေတံဆိပ်ဆု ပေးအပ်မည်ဟု သိရသည်။

ပြည်တွင်းတွင် ပထမဦးဆုံးအကြိမ်ပေးအပ်ခံရမည့်"သူရသတ္တိ" ရွှေတံဆိပ်ဆုမှာ ရင်ထိုးအမျိုးအစားဖြစ်ပြီး အလေးချိန် တကျပ်သားရှိ ရွှေပြားပေါ်တွင် "သူရသတ္တိ" ဟူသော စကားလုံးနှင့် "ခွပ်ဒေါင်းပုံ" ပါဝင်သည်။ ယင်းဆုကိုလည်း ဆရာတော်တဦးတည်းမှ အကုန်အကျခံသော ဆုတံဆိပ်ကို နိုဝင်ဘာ ၁၂ ရက်နေ့တွင် ပေးအပ်မှာဖြစ်သည်။

အခမ်းအနားကို ကျောင်းတိုက်တည်ရှိရာ ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်၊ ၁ ရပ်ကွက်၊ အနော်ရထာလမ်းတွင် ကျင်းပမည်ဖြစ်ကာတဆက်တည်းပင် စက်တင်ဘာ သံဃာ့အရေးအခင်းအတွင်း ဖမ်း ဆီးခံခဲ့ရသည့် သံဃာတော်များအား ပြန်လည်သိက္ခာထပ်ပွဲကို ပူးတွဲကျင်းပမည်ဖြစ်သည်။

"ဒီမိုကရေစီသွားတဲ့နေရာမှာ အကွေ့အကောက် အတိမ်းအစောင်း အကြောက်အရွံ့မရှိပဲနဲ့ ဦးဝင်းတင်ဟာ ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ရဲရဲဝင့်ဝင့်ဖြင့် ရင်ဆိုင်သွားတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ အဲဒါကြောင့် ဘုန်းကြီးက ဦးဝင်းတင်ကို ရွေးချယ်ရခြင်းဖြစ်ပါတယ်" ဟု မကွေးပရိယတ္တိကျောင်းတိုက် ဆရာတော်အရှင်ပါမောက္ခက မဇ္ဈိမကိုမိန့်သည်။

"ခွပ်ဒေါင်းဆိုတဲ့ သဘောတရားက မဟုတ်ရင် ဘယ်သူ့ကိုမှမခံဘူး။ သူက အကုန်လုံးခွပ်ပြီးတော့ သတ်မယ်ဆိုတဲ့ သဘောတရားကိုဆောင်တယ်။ မဟုတ်တဲ့နေရာမှာ ခွပ်ဒေါင်းဟာ သူ့အပေါ်မှာကျရောက်လာတဲ့ အန္တရာယ်မှန်သမျှကို အကုန်လုံးတိုက်ခိုက်နိုင်တဲ့ စွမ်းရည်သတ္တိ ရှိပါတယ်။ ဦးဝင်းတင်ကလည်း အဲဒီလို ခွပ်ဒေါင်းရုပ်နဲ့ခွပ်ဒေါင်း စိတ်ဓာတ်ရှိတဲ့ပုဂ္ဂိုလ်မို့လို့" ဟု ဆရာတော်က ဆက်လက်မိန့်ဆိုသည်။

အသက် ၈၁ နှစ်အရွယ် ဦးဝင်းတင်မှာ သတင်းစာသမားဘဝမှပင် တိုင်းပြည်နှင့်ပြည်သူ့အကျိုးအတွက် တစိုက်မတ်မတ်လုပ်ဆောင်ခဲ့သည့်အပြင် နိုင်ငံရေးသမားဘဝတွင်လည်း ဒီမိုကရေစီပေါ်ထွန်းရေးအတွက် NLD နှင့်အတူ စိုက်လိုက်မတ်တပ် လုပ်ဆောင်ခဲ့သည်။

အတိုက်အခံနိုင်ငံရေး လှုပ်ရှားမှုကြောင့် ၁၉၈၉ ခုနှစ် ဇူလိုင်လတွင် ဖမ်းဆီးခံခဲ့ရကာ ၁၉ နှစ်ကျော်ကြာပြီး ၂၀၀၈ ခုနှစ် စက်တင်ဘာလ ၂၃ ရက်တွင် ပြန်လည်လွတ်မြောက်လာခဲ့သူ ဖြစ်သည်။

"အန်ကယ်ဦးဝင်းတင်က တကယ့်ကို ယုံမှားသံသယ မရှိကောင်းတဲ့ တကယ့်ဒီမိုကရက်တစ်တယောက်ဖြစ်တယ်။ ပုဂ္ဂိုလ်ရေးဘဝအရပဲဖြစ်ဖြစ်၊ ဒီမိုကရေစီရေးခံယူချက်အရပဲဖြစ်ဖြစ် လူထုနဲ့တသားတည်းရှိပြီးတော့ ဒီကနေ့အချိန်အထိ မားမားမတ်မတ် ရပ်တည်နေတဲ့အတွက် သူဟာ ဒီဆုနဲ့ပတ်သက်ပြီးထိုက်တန်တဲ့ ပုဂ္ဂိုလ်တယောက်ဖြစ်တယ်" ဟု နိုင်ငံရေးအကျဉ်းသားမိသားစုများအကျိုးဆောင်ကွန်ယက်တာဝန်ခံ ကိုအောင်ဇော်ထွန်းက မဇ္ဈိမကိုပြောသည်။

ဦးဝင်းတင်မှာ ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့မှပေးအပ်သည့် Guillermo Cano ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ရေးဆု - Guillermo Cano World Press Freedom Prize၊ ကမ္ဘာ့သတင်းစာများအသင်း၏ လွတ်လပ်ရေးအတွက် ရွှေကလောင်ဆု-Newspapers' Golden Pen of Freedom နှင့် နယ် စည်းမခြားသတင်းထောက်များဆု-Winner of Reporters Without Border များ ချီးမြှင့်ခံထားရသူလည်းဖြစ်သည်။

ဆုပေးပွဲကို တခမ်းတနားဖြင့် မလုပ်ပေးစေလိုကြောင်း ဦးဝင်းတင်က အကြောင်းပြန်ခဲ့သည်ဟုလည်း သွားရောက်အကြောင်းကြားခဲ့သူ ကိုအောင်ဇော်ထွန်းက ပြန်ပြောပြသည်။

သိက္ခာထပ်ပွဲကို နိုင်ငံရေးအကျဉ်းသား မိသားစုများအကျိုးဆောင်ကွန်ယက်၊ အင်္ဂါဝတ်ပြုဆုတောင်းအဖွဲ့နှင့် ဒီမိုကရေစီအင်အားစုများက စုပေါင်းပြုလုပ်ခြင်းဖြစ်ကာ လက်ရှိတွင် သိက္ခာထပ်မည့် သံဃာတော် ၂၄ ပါးရှိပြီဟု သိရသည်။ ယင်းအပြင် ပွဲသို့ လာရောက်မယ့် အကျဉ်းကျခံ မိသားစုများအတွက် စာအုပ်စာတမ်းနှင့် အခြားထောက်ပံ့ရေး ပစ္စည်းများကို ကူညီသွားမည် ဖြစ်သည်။

---

## လွတ်လပ်မှုကို ဖော်ကျူးတဲ့ ရုပ်ရှင်ဇာတ်ကားတိုပြိုင်ပွဲ

### လွတ်လပ်ရေးနေ့မှာ မူလအစီအစဉ်အတိုင်း ကျင်းပမည်

**RFA ၊ နိုဝင်ဘာ ၈ ။** ။ ဟာသသရုပ်ဆောင် ကိုဇာဂနာနဲ့ ဒါရိုက်တာမင်းထင်ကိုကိုကြီးတို့ပူးပေါင်းပြီး လွတ်လပ်မှုကိုဖော်ကျူးတဲ့ ရုပ်ရှင်ဇာတ်ကားတို ပြိုင်ပွဲတစ်ရပ် လွတ်လပ်ရေးနေ့မှာ ကျင်းပဖို့ စီစဉ်နေကြောင်း အာရ်အက်ဖ်အေက ထုတ်လွှင့်ခဲ့ပြီးဖြစ်ပါတယ်။

လွတ်လပ်ခြင်း အနုပညာပွဲတော်လို့ အမည်ပေးထားတဲ့ အဲဒီပြိုင်ပွဲကို ၂၀၁၂ခု ဇန်နဝါရီလ ၁ ရက် ကနေ ၄ ရက် အထိ ကျင်းပမှာဖြစ်ပြီး ဆုရဇာတ်ကားတွေကို ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့မှာ ဆုချီးမြှင့်မှာ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ နိုဝင်ဘာ ၅ ရက် မြန်မာ့အလင်း သတင်းစာမှာတော့ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်နဲ့ ကိုဇာဂနာတို့ တွေ့ဆုံခဲ့ပုံနဲ့လွတ်လပ်ခြင်း အနုပညာပွဲတော်မှာ ဝင်ရောက်ယှဉ်ပြိုင်မယ့် ဇာတ်ကားတွေကို ဆင်ဆာလုပ်ထုံးလုပ်နည်းနဲ့ အညီ ကူညီဆောင်ရွက်သွားမှာဖြစ်ကြောင်း ဖော်ပြခဲ့ပါတယ်။

ဒီကိစ္စနဲ့ပတ်သက်ပြီး ပြိုင်ပွဲဝင် ဇာတ်လမ်းတိုတွေကို ဆင်ဆာတင်ပြဖို့ အစီအစဉ်ရှိ မရှိ ဒါရိုက်တာမင်းထင်ကိုကိုကြီးကို မေးမြန်းရာမှာ-

"ကျွန်တော်တို့ ပြောင်းလဲဖို့ လုံးဝရှိမှာ မဟုတ်ပါဘူး။ သတင်းစာရှင်းလင်းပွဲနေ့က ကိုသူရ ပြောတဲ့အတိုင်းပါပဲ။ ဆင်ဆာသြဇာ တစ်ခုခုသက်ရောက်တဲ့ ရုပ်ရှင်ပွဲတော် ဖြစ်လာမှာ မဟုတ်ပါဘူး"

လွပ်လပ်ခြင်း အနုပညာ ရုပ်ရှင်ဇာတ်လမ်းတို ပြိုင်ပွဲကို မူလအစီအစဉ်အတိုင်း ဆောင်ရွက်သွားမှာဖြစ်ပေမဲ့ ပွဲမစခင် အကြိုနေ့မှာတော့ ရုပ်ရှင်အစည်းအရုံးက တာဝန်ရှိ လူကြီးတွေကို ဖိတ်ကြားဖို့အစီအစဉ်ရှိနိုင်ကြောင်း ဒါရိုက်တာ မင်းထင်ကိုကိုကြီးက ပြောကြားသွားခဲ့ပါတယ်။

# အစိုးရနဲ့ငြိမ်းချမ်းရေးဆွေးနွေးရန် KNU ကိုယ်စားလှယ် ၇ ဦးပါ အဖွဲ့ ဖွဲ့စည်း

**Mizzima | နိုဝင်ဘာ ၁၁ ။** ။ ကရင်အမျိုးသားအစည်းအရုံး KNU က အရေးပေါ်ညီလာခံကျင်းပခြင်း သုံးရက်မြောက် ကြာသာပတေးနေ့တွင် အစိုးရနှင့် ငြိမ်းချမ်းရေးဆွေးနွေးရန် ကိုယ်စားလှယ်ခုနစ်ဦးပါအဖွဲ့ကို ဖွဲ့စည်းလိုက်သည်ဟု KNU အသိုင်းအဝိုင်းမှ သိရသည်။

ငြိမ်းချမ်းရေးဆွေးနွေးရန် KNU ဒုဥက္ကဋ္ဌ ပဒိုဒေးဗစ် တာကပေါ၊ အထွေထွေအတွင်းရေးမှူး နော်စီဖိုးရာစိန်၊ စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး မူတူးစေးဖိုး၊ တရားရေးဌာနမှူး ပဒိုဒေးဗစ်ထော၊ ကျန်းမာရေးဌာမှ ဗိုလ်မှူးစောရော့ဂျာခင်နှင့် သစ်တော်ဌာမှူး ပဒိုစောအားတိုး၊ ဘားအံခရိုင် ဥက္ကဋ္ဌ ပဒိုအောင်မော်အေးတို့ကို ဖွဲ့စည်းလိုက်သည်ဟု နီးစပ်သူ တဦးက ပြောသည်။

"ငြိမ်းချမ်းရေးကိုယ်စားလှယ်ဖွဲ့လိုက်တာက သေချာသွားပြီ။ အသေးစိတ်တော့မသိရသေးဘူး။ ခုနစ်ယောက်မှာ ခေါင်းဆောင်တွေပါတယ်။ ခရိုင်ကတယောက် ပါတယ်။"ဟု သူက မဇ္ဈိမကို ပြောသည်။

နှစ်ပေါင်း ၆၀ ကျော်ကြာ တော်လှန်ခဲ့သော KNU က ပြီးခဲ့သည့် အောက်တိုဘာလ ၂၆ ရက်နေ့နှင့် ယခုလ နိုဝင်ဘာလ ၃ ရက်နေ့များတွင်အစိုးရကိုယ်စားလှယ်များနှင့် တွေ့ဆုံခဲ့ပြီးသော်လည်း သဘောတူညီမှုမရရှိသေးပေ။ KNU ထိပ်ပိုင်းခေါင်းများဖြစ်သော ဗဟိုကော်မတီဝင်များ အပါအဝင်စစ်ဘက်နှင့် အရပ်ဘက်အဖွဲ့ဝင်များ စုစုပေါင်း ၅၀ ဦးခန့် ညီလာခံတွင် ဆွေးနွေးနေသည်ဟု သိရသည်။

၁၉၉၄ ခုနှစ်က ကရင်အမျိုးသားအစည်းအရုံး KNU ခွဲထွက်ခဲ့သော ဗိုလ်ချုပ်နှုတ်ခမ်းမွှေးဦးဆောင်သော တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး DKBA ၏ အစိုးရနှင့် အပစ်အခတ်ရပ်ရေးကို ကရင်ပြည်နယ် မြဝတီမြို့ တောင်အုပ်ကျေးရွာတွင် သောကြာနေ့၌ ရှင်းလင်းခဲ့သည်။

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကျိုက်ဒိုမြို့နယ်၊ ကော့ကရိတ်မြို့နယ်များမှ မယ်ထော်တလေး၊ အင်ကြင်းမြိုင်၊ မင်းလက်ပံ၊ ဖလူးကြီး၊ ဖလူးလေး၊ ကျောက်ခက်၊ သီဘောဘိုး၊ တောင်နီ၊ ဆုံဆည်းမြိုင်၊ ဝေါ်လေစသည့် ကျေးရွာပါင်း ၃၇ ရွာမှ ဒေသခံ ကိုယ်စားလှယ် ၇၀ ကျော်ကို ဗိုလ်ချုပ်နှုတ်ခမ်းမွှေးက ယနေ့ နံနက် ၈ နာရီမှ ၁၀ နာရီခွဲထိ အပစ်အခတ်ရပ်မှုကို ရှင်းပြခဲ့ခြင်းဖြစ်သည်။

"စစ်အစိုးရနဲ့ နှစ်ဦးသဘောတူပြီးတော့ အပစ်အခတ်ရပ်ထားတာကို သူတို့ကရှင်းပြတယ်။ ဒေသဖွံ့ဖြိုးရေးတွေက လမ်းပန်းဆက်သွယ်ရေးတို့၊ လမ်း၊ တံတားတွေ၊ အဆောက်အဦးတွေ ကျနော်တို့ပြည်သူတွေအတွက် လုပ်ကိုင်ပေးမယ်ဆိုတာတွေပေါ့နော်၊ ကျနော်တို့တတွေကတော့ အဲဒီလို ရပ်ထားတာကတော့ သဘောတူညီကြတာပေါ့နော်။" ဟု သီဘောဘိုးကျေးရွာ အုပ်စုမှ ကိုယ်စားလှယ်တဦးက ပြောသည်။

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ပေးမည်ဟု DKBA ခေါင်းဆောင်များက ပြောဆိုခဲ့သဖြင့် ထိုဒေသများတွင် ပညာရေးနိမ့်ကျနေသဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းလုပ်ဆောင်ရာတွင် အဓိကအားဖြင့် ပညာရေးဆိုင်ရာ ဖွံ့ဖြိုးမှုကို လုပ်ဆောင်ရန်လိုလားနေသည်။

ယနေ့ရှင်းလင်းပွဲတွင် DKBA ခေါင်းဆောင်များဖြစ်သောဗိုလ်ချုပ် နှုတ်ခမ်းမွှေး ဒုစစ်ဦးစီးချုပ် စောမူရှေး၊ စစ်ရေးချုပ် ဗိုလ်မှူးစောစိန်မြင့်၊ စစ်ထောက်ချုပ်ဗိုလ်စတီးတို့က ရှင်းလင်းခဲ့ကြသည်ဟုဆိုသည်။

"ကျနော်တို့က ပြန်ပြီးတော့ တောင်းဆိုရမယ်။ တခါတည်းဆွေးနွေးပြီး တခါတည်းတောင်းလို့ တခါတည်းလုပ်လို့မရတဲ့ အနေအထားမှာရှိနေတယ်နော်။ ဖွံ့ဖြိုးရေးဆိုတာက နိုင်ငံတော်မှာ ကျနော်တို့တင်ပြမယ်။ ကျနော်တို့ရွာမှာ ဆေးခန်းလိုတယ်။ စာသင်ကျောင်းလိုတယ်။ တံတားဆောက်ဖို့လိုတယ်။ အဲဒါတွေပဲ လုပ်ရမှာပေါ့။"ဟု DKBA မှ ဗိုလ်မှူးစောဆန်းအောင်က ပြောသည်။

DKBA အဖွဲ့ကို မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ဆက်စပ်မှုရှိသည်ဟုစွတ်စွဲပြောဆိုမှုနှင့်ပတ်သက်၍မေးမြန်းမည်မဟုတ်ကြောင်း ငြင်းဆိုသည်။ နိုဝင်ဘာ ၆ ရက်နေ့မှစတင်၍ နှစ်ဘက်အပစ်အခတ် ရပ်စဲခဲ့သည့်အကြောင်းကိုရှင်းလင်းရန် ယမန်နေ့ ကြာသပတေးနေ့တွင် ပြုလုပ်ရန်စီစဉ်ခဲ့သော်လည်း လူထုမှအချိန်မီရောက်မလာခဲ့သဖြင့်ရွှေ့ဆိုင်းလိုက်ကာ ယနေ့မှ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

နိုဝင်ဘာလ ၃ ရက်နေ့က ဗဟိုအစိုးရ ကိုယ်စားလှယ်ဘက်မှ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်ရေးကော်မတီဥက္ကဋ္ဌနှင့် ကြံ့ခိုင်ရေးအတွင်းရေးမှူး ၂ ဦးသိန်းဇော်နှင့်ဗိုလ်ကြီးမောင်မောင်သိန်းတို့ ဒုတိယအကြိမ် တွေ့ဆုံပြီး သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။

အပစ်ခတ်ရပ်ရန်၊ မြဝတီမြို့တွင် DKBA ၏ ဆက်ဆံရေးရုံးဖွင့်လှစ်ခွင့်ပြုရန်၊ နယ်မြေကျော်ကာ လက်နက်ကိုင်သွားလာလျှင်ကြိုတင်အကြောင်းကြားရန်၊ နယ်မြေသတ်မှတ်ပေးရန်နှင့် နှစ်ဘက်ဆွေးနွေးပြီးနောက် ပြည်ထောင်စုလွှတ်တော်တွင် ဆက်လက် ဆွေးနွေးရန်တို့ ပါဝင်သည်။

# နိုင်ငံရေးအကျဉ်းကျ သံဃာ ကျန်းမာရေးစိုးရိမ်နေရ

**RFA | နိုဝင်ဘာ ၁၁ ။** ။ ဟသ္သာတအကျဉ်းထောင်မှာ ၂၃ နှစ်ကျခံနေရတဲ့ နိုင်ငံရေးအကျဉ်းသား အရှင်ဦးကေလာသ ကျန်းမာရေး ချွတ်ယွင်းနေလို့ အပြင်ဆေးရုံမှာ ကုသလိုပေမဲ့ ထောင်အာဏာပိုင်တွေက ခွင့်မပြုဘူးလို့ သိရပါတယ်။

ဦးကေလာသနဲ့ ထောင်ထဲမှာအတူနေခဲ့ရပြီး မကြာခင်ကမှ ပြန်လွတ်လာသူ နိုင်ငံရေးအကျဉ်းသားဟောင်း ကိုသန်းဇော်က အခုလိုပြောပါတယ်။

"အဆစ်အမြစ်တွေက တစ်ခါတလေကျရင် ပြန်ရောင်လာတယ်၊ ပြန်ကြီးလာတယ်။ အဲဒီအခါကျ ကိုက်ခဲတာပေါ့။ အရေပြား ရောဂါလည်း ဖြစ်နေတယ်လေ။ အကင်းမသေနိုင်ဘူး။ ဒါကြောင့် ဆေးရုံမှာ လိုအပ်တာတွေလုပ်ချင် ကုချင်တာ။ အပြင်မှာ ဆေးကုသခွင့်က မရဘူး။"

ဦးကေလာသဟာ ဆရာတော် ဦးဂမ္ဘီရနဲ့ အမှုတွဲ တစ်ခုတည်းဖြစ်ပြီး မူလက ထောင်ဒဏ် ၃၉ နှစ် ချမှတ်ခံခဲ့ရပေမဲ့ အယူခံမှာ ၁၆ နှစ် လျှော့ပေးလို့ လောလောဆယ် ၂၃ နှစ် ကျခံနေရပါတယ်။

ထောင်ဝင်စာတွေ့ခွင့်မရတာ လေးနှစ်လောက် ရှိတာကြောင့် ဦးကေလာသမှာ စိတ်ပိုင်းဆိုင်ရာထိခိုက်မှု ရှိတယ်လို့လည်း ကိုသန်းဇော်က ပြောပါတယ်။

"မန္တလေးနဲ့ဟသ္သာတ ဆိုတော့ သူ့မိသားစုက ဝေးနေတယ်။ လာမတွေ့နိုင်တဲ့ အခါကျတော့ စိတ်ဓာတ်ပိုင်း ထိခိုက်မှု ရှိတာပေါ့"

ဦးခေမိန္ဒ ခေါ် ဦးကေလာသဟာ ရွှေဝါရောင်တော်လှန်ရေးကာလက ဦးဂမ္ဘီရနဲ့အတူ ပြန်ကြားရေးတာဝန် ထမ်းဆောင်ခဲ့ပြီးစောစောပိုင်း ထုတ်ပြန်ကြေညာချက်တွေကို ပြည်ပအခြေစိုက် အသံလွှင့်ဌာနတွေကို ဖတ်ကြားပြခဲ့သူလို့ မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစု နိုင်ငံခြားရေးတာဝန်ခံ ဆရာတော် ဦးဣန္ဒသရိယက မိန့်ပါတယ်။

# တောင်အာဖရိက စေ့စပ်ဆွေးနွေးရေးဖြစ်စဉ်

အပိုင်း ၅

**ယခင် အပတ်အဆက်**

**ခင်မမမျိုး**

နစ်ဘက်စလုံးဟာ တဘက်နဲ့တဘက်ရဲ့ အခြေခံအ ကျိုးစီးပွားတွေ၊လိုအပ်ချက်တွေကို အပြန်အလှန်အသိအမှတ်ပြုလာကြပါတယ်။

ဒီလိုတိုးတက်မှုတွေ ရှိနေဆဲမှာပဲ စေ့စပ်ဆွေးနွေးရေးဖြစ်စဉ်ကို တလျှောက်လုံး ဆန့်ကျင်လာခဲ့တဲ့ Buthelezi ဦးဆောင်တဲ့အဖွဲ့ကိုလဲ စေ့စပ်ဆွေးနွေးရေးဖြစ်စဉ်ထဲမှာ ပါဝင်ဖို့ ကြိုးပမ်းမှုတွေ ပေါ်ထွက်လာခဲ့ပါတယ်။ သို့ပေမယ့်လဲ High-level delegations တွေဖြစ်တဲ့ U.S. envoy Henry Kissinger နဲ့ British envoy Lord Carrington တို့က ကြိုးပမ်းဆောင်ရွက်ချိန်အထိတောင် ထူးခြားမှုမရှိခဲ့ပါဘူး။ နောက်ဆုံးမှာတော့ Kenyan envoy WashingtonOkumu က ဖြစ်ပွားနေတဲ့ နိုင်ငံရေး ပကတိအခြေအနေမှန်ကို သိမြင်ဖို့အချိန် တန်ပြီဖြစ်ကြောင်း၊ ရွေးကောက်ပွဲမှာ မပါဝင်ခဲ့ရင် နိုင်ငံရေးအရဘေးရောက်မှုပဲ အဖြေထွက်လာမှာဖြစ်ကြောင်းနဲ့ လက်နက်ကိုင်တော်လှန်ရေးဟာ မအောင်မြင်သော လက်နက်ကိုင်တော်လှန်ရေးအဖြစ် နိဂုံးချုပ်ရလိမ့်မည်ဖြစ်ကြောင်း သတိပေးပြောကြားခဲ့တဲ့အခါမှသာ Buthelezi ဦးဆောင်တဲ့အဖွဲ့ဟာ ရွေးကောက်ပွဲကျင်းပဖို့ ရှစ်ရက်အလိုကျမှသာ စေ့စပ်ဆွေးနွေးရေး ဖြစ်စဉ်အတွင်းကို ရောက်ရှိသွားခဲ့ပါတယ်။

ရွေးကောက်ပွဲမကျင်းပခင်နေ့အထိ ပုံးခွဲတိုက်ခိုက်မှုတွေကတော့ ပေါ်ထွက်နေဆဲပါပဲ။ သို့ပေမယ့်လဲ (၁၉၉၄) ခုနှစ်၊ အေပြီ လ (၂၇)ရက်နေ့မှာတော့ တောင်အာဖရိကနိုင်ငံရဲ့သမိုင်းသစ်ကို ဖန်ဆင်းပေးတဲ့ရွေးကောက်ပွဲကြီးကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပါတယ်။ မေလ (၂) ရက်နေ့မှာ de Klerk က သူ့ရဲ့ ရွေးကောက်ပွဲအရှုံးကို အသိအမှတ်ပြုပြီး၊ မင်ဒဲလားကိုဝမ်းမြောက်ဂုဏ်ယူပါကြောင်းသတင်းစကား ပေးပို့ခဲ့ပါတယ်။ မင်ဒဲလားကလဲ ကျေးဇူးတင်စကားပြန်လည် ပြောကြားခဲ့ပြီး၊ တောင်အာဖရိက တနိုင်ငံလုံးမှာရှိတဲ့ ပြည်သူတွေအနေနဲ့ လူမျိုးရေး၊ ဘာသာရေး ဘယ်လိုကွဲပြားမှုတွေ ရှိနေပေမယ့် လူမျိုးပေါင်းစုံ၊ ယဉ်ကျေးမှုပေါင်းစုံ နိုင်ငံတော်သစ်ကြီးကို အတူတကွပိုင်းဝန်း ထူထောင်ကြဖို့ ကြိုးပမ်းခဲ့ကြပါတယ်။

ဒီလို ခေါင်းဆောင်တွေအကြား၊ နစ်ဘက်နိုင်ငံရေးအဖွဲ့အစည်းတွေအကြား ငြိမ်းချမ်းရေး တည်ဆောက်နိုင် မှုဟာ on the ground မှာ ငြိမ်းချမ်းရေးရှိလာဖို့အတွက် မပြီးပြည့်စုံသေးပါဘူး။ ဒါကြောင့် ပဋိပက္ခပြီးဆုံးပြီး နောင်းပိုင်းကာလမှာ ပဋိပက္ခကာလတွေတုန်းကရှိခဲ့တဲ့ trauma တွေကို ကုစားဖို့ ကြိုးပမ်းခဲ့ကြပါတယ်။ မင်ဒဲလားဦးဆောင်တဲ့ အစိုးရသစ်ဟာ ဘုန်းတော်ကြီး Desmond Tutuဦးဆောင်တဲ့ Truth and Reconciliation Commission(TRC) ကို တည်ထောင်ခဲ့ပါတယ်။ ဒီကော်မရှင်ကနေပဋိပက္ခမှာ သားကောင်ဖြစ်ခဲ့တဲ့ မည်သူမဆို ဖြစ်ပျက်ခဲ့တဲ့အကြောင်းတွေကို ပြန်လည်ပြောပြရေး၊ နားထောင်ပေးရေးနဲ့ နိုင်ငံရေးအရအကြမ်းဖက်မှုတွေကို ကျူးလွန်ခဲ့တဲ့ မည်သူမဆို (လူဖြူအစိုးရဘက်မှဖြစ်စေ၊ လူမည်းတော်လှန်ရေးသမားများဘက်မှဖြစ်စေ) ပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်ရှိရေး စတာတွေကို ထောက်ကူပေးတဲ့ forum တွေကို ကျင်းပပေးခဲ့ပါတယ်။ ရင်ကြားစေ့ရေး (ဝါ) ပြန်လည်သင့်မြတ်ရေးဖြစ်စဉ် (Reconciliation process) အတွက် ကော်မရှင်က ဦးဆောင်ကြိုးပမ်းခဲ့ပါတယ်။

နိဂုံး

နိဂုံးချုပ်ဆိုရရင် တောင်အာဖရိက စေ့စပ်ဆွေးနွေးရေးဖြစ်စဉ် အောင်မြင်ခဲ့ရတာဟာ တဘက်နှင့်တဘက် အနိုင်မတိုက်နိုင်သော ပကတိနိုင်ငံရေးအခြေအနေမှန်ကို နစ်ဘက်ခေါင်းဆောင်များက သိမြင်မှု၊ စေ့စပ်ဆွေးနွေးပွဲဖြစ်စဉ်ကြီး စတင်လာစေရန် ခြေလှမ်းသစ်များ လှမ်းရဲမှု၊ ပါတီစုံစေ့စပ်ဆွေးနွေးရေးဖိုရမ် (multi-party negotiation forum) တခုပေါ်ပေါက်လာစေရန် ကြိုးပမ်းဆောင်ရွက်မှု၊ ငြိမ်းချမ်းရေးကော်မရှင်များ တည်ထောင်နိုင်မှု၊ ဖွဲ့စည်းပုံအခြေခံဥပဒေ စည်းမျဉ်းများကို ကျယ်ကျယ်ပြန့်ပြန့် ရေးဆွဲပြင်ဆင်ပြဌာန်းရန်၊ ညင်သာသော ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်ပေါ်လာရေးအတွက် ပြင်ဆင်မှုများပြုလုပ်ရန်နှင့် တိုင်းပြည်၏ ပထမဦးဆုံးသော လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲကျင်းပရေးအတွက် ပြင်ဆင်ရန်စသော ရည်မှန်းချက်များ ပြည့်မီလာစေရန် ဝိုင်းဝန်းကြိုးပမ်း ဖော်ဆောင်မှု၊ စေ့စပ်ဆွေးနွေးရေး ဖြစ်စဉ်တွင် ပါဝင်နေသူများနှင့် ထောက်ခံသူများအား နိုင်ငံရေးအစွန်းရောက်များမှ ဝေဖန်တိုက်ခိုက်မှုများ၊ ခြိမ်းခြောက်မှုများ၊ သတ်ဖြတ်မှုများပြုလုပ်လာသော်လည်း မဆုတ်မနစ်သောဇွဲဖြင့် စေ့စပ်ဆွေးနွေးရေးဖြစ်စဉ်အောင်မြင်ရေးကို အာရုံစိုက်မှု၊ လိုလားချက်များနှင့် တောင်းဆိုချက်များကို တရားသေဆုပ်ကိုင်ထားခြင်းမရှိပဲ အပေးအယူ၊ အလျှော့အတင်းများပြုလုပ်နိုင်မှု၊ သဘောထားကြီးမှု၊ ခွင့်လွှတ်မှုများဖြင့် ရင်ကြားစေ့ရေး (ဝါ) ပြန်လည်သင့်မြတ်ရေးဖြစ်စဉ်ကို ကြိုးပမ်းအကောင်အထည်ဖော်မှု စတာတွေကြောင့်ပဲ ဖြစ်ပါတယ်။ ဒါကြောင့်လဲ ပဋိပက္ခဖြေရှင်းရေးဆိုင်ရာ လေ့လာချက်များမှာ တောင်အာဖရိက စေ့စပ်ဆွေးနွေးရေးဖြစ်စဉ်ဟာ ငြိမ်းချမ်းရေးလိုလားသော ကမ္ဘာ့ပြည်သူများအတွက် စံနမူနာယူစရာ ဖြစ်စဉ်တခုအဖြစ် သမိုင်းတွင်ကျန်ရစ်လာခဲ့ခြင်း ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါတယ်။

www.khinmamamyo.info

ရည်ညွှန်းကိုးကား

Deegan, H. (1999) South Africa Reborn: Building a New Democracy, Padstow: University College London

Bouckaert, P. (1997) The Negotiated Revolution: South Africa's Transition to a Multiracial Democracy, Stanford,

**စာမျက်နှာ ၁၈ သို့**

# အပစ်အခတ်ရပ်စဲရေး ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး တောင်းဆို

**DVB ၊ နိုဝင်ဘာ ၉ ။** ။ စစ်မှန်တဲ့ ပြည်တွင်းငြိမ်းချမ်းရေးအတွက်တပြည်လုံးအတိုင်းအတာနဲ့ အပစ်အခတ်ရပ်စဲရေး ကြေညာပေးဖို့ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး(အေဘီအက်စ်ဒီအက်ဖ်) က မြန်မာအစိုးရကို တောင်းဆိုလိုက်ပါတယ်။

လတ်တလော လက်နက်ကိုင် တိုင်းရင်းသားတပ်ဖွဲ့တချို့နဲ့ မြန်မာအစိုးရကိုယ်စားလှယ်တွေလျှို့ဝှက်ဆွေးနွေးမှုရှိနေတယ်လို့သတင်းတွေထွက်နေချိန်မှာ အပစ်အခတ်ရပ်စဲရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးအပေါ် အေဘီအက်စ်ဒီအက်ဖ်က ခုလို သဘောထားထုတ်ပြန်တောင်းဆိုလိုက်တာပါ။

နိုဝင်ဘာ ၈ ရက်က ထုတ်ပြန်တဲ့ ဒီကြေညာချက်မှာ စစ်အုပ်စုနဲ့ လက်နက်ကိုင်တော်လှန်ရေး အင်အားစုတွေ အပစ်အခတ်ရပ်စဲရေး ဆောင်ရွက်နေမှုတွေဟာ နိုင်ငံရေးပြဿနာကို တွေ့ဆုံဆွေးနွေးအဖြေရှာရေးကို ဦးတည်တဲ့ကြိုးပမ်းမှုမဟုတ်ဘဲ လက်နက်ကိုင်တော်လှန်ရေးအင်အားစုတွေကို ဖဲ့ထုတ်စည်းရုံးရေးအတွက် ကြိုးပမ်းမှုသာဖြစ်တယ်လို့ ဖော်ပြထားပါတယ်။

ကြေညာချက်ထုတ်ပြန်ရတာနဲ့ပတ်သက်လို့ အေဘီအက်စ်ဒီအက်ဖ်ဥက္ကဋ္ဌ ရဲဘော်သံခဲက

"အစိုးရဘက်က ကမ်းလှမ်းနေတဲ့ အပစ်အခတ်ရပ်စဲရေး ကမ်းလှမ်းချက်တွေရဲ့ နောက်ကွယ်က စေတနာနဲ့ သဘောထားဟာ မမှန်ကန်ဘူးလို့ ကျနော်တို့ ထောက်ပြချင်ပါတယ်။ အထူးသဖြင့်ကတော့ စစ်မှန်တဲ့ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးနဲ့ တန်းတူရေး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို တိုက်ပွဲဝင်နေတဲ့ တော်လှန်ရေးအဖွဲ့အစည်းတွေရဲ့ နိုင်ငံရေးအခန်းကဏ္ဍကို သေသေချာချာ ထည့်သွင်းစဉ်းစားဖို့ လိုတယ်လို့ ကျနော်တို့က ရှုမြင်ပါတယ်။

ဒါကြောင့်မို့ အပစ်အခတ်ရပ်စဲရေး တခုလုံးကိုပဲ ဦးတည်တယ်ဆိုရင် ဒီတော်လှန်ရေးအဖွဲ့အစည်းတွေရဲ့ နိုင်ငံရေးဂုဏ်သိက္ခာကို တဖက်က ချိုးနှိမ်ပစ်တယ်လို့ ယူဆတဲ့အတွက် သဘောထားမမှန်ကန်ဘူးလို့ ကျနော်တို့ ထုတ်ပြန်ခြင်းဖြစ်ပါတယ်" လို့ ပြောပါတယ်။

၂၀၁၀ ရွေးကောက်ပွဲအလွန်ကာလမှာ နိုင်ငံတည်ငြိမ်မှုမရရှိသေးတာ၊ ရှေ့တန်းနယ်မြေတွေမှာ အစိုးရတပ်တွေ အကျအဆုံးများနေပြီးစစ်ရေးအကျပ်အတည်း ကြုံတွေ့နေရတာနဲ့နိုင်ငံတကာရဲ့ ထောက်ခံမှု ပိုမိုရချင်တာတွေကြောင့် လက်ရှိမြန်မာအစိုးရက တိုင်းရင်းသားလက်နက်ကိုင်တွေကို တဖွဲ့ချင်းစည်းရုံးပြီး အပစ်အခတ်ရပ်စဲရေး ရယူနေတာလို့ ယူဆတဲ့အကြောင်းလည်း ရဲဘော်သံခဲက ပြောပါတယ်။

တပြည်လုံးအပစ်အခတ်ရပ်စဲပြီး ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွေရရှိရေး တိုက်ပွဲဝင်နေတဲ့ လက်နက်ကိုင်ကိုင်အင်အားစုအားလုံးနဲ့ တိကျတဲ့ အချိန်ကာလသတ်မှတ်ပြီး ဆွေးနွေးမှုတွေဆက်လုပ်ဖို့လည်း အေဘီအက်စ်ဒီအက်ဖ်က တိုက်တွန်းထားပါတယ်။

ပြီးခဲ့တဲ့ သတင်းပတ်တွေက မြန်မာအစိုးရ ကိုယ်စားလှယ်တွေနဲ့ ကရင်၊ ရှမ်း၊ မွန်၊ ဝ နဲ့ ကချင် လက်နက်ကိုင်အဖွဲ့တွေအကြား အပစ် အခတ်ရပ်စဲရေး ဆွေးနွေးမှုတွေရှိတယ်လို့ သတင်းတွေထွက်ခဲ့တာပါ။

---

## တောင်အာဖရိကဆိုင်ရာ မြန်မာသံအမတ် နောက်ကြောင်း စုံးစမ်းပေးဖို့ တောင်အာဖရိက အတိုက်အခံအဖွဲ့တောင်းဆို

**RFA ၊ နိုဝင်ဘာ ၈ ။** ။ တောင်အာဖရိက နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအသစ် ဗိုလ်မှူးချုပ်ဟောင်းမြင့်နောင်ရဲ့ လူ့အခွင့်အရေးချိုးဖောက်မှု နောက်ကြောင်းတွေ စုံစမ်းဖော်ထုတ်ပေးဖို့ တောင်အာဖရိကသမ္မတ ဂျက်ကော့ဇူးမားကို အတိုက်အခံ ဒီမိုကရက်တစ် မဟာမိတ်ပါတီက တောင်းဆိုလိုက်ပါတယ်။

သံအမတ်ကြီး ဗိုလ်မှူးချုပ်ဟောင်းမြင့်နောင်ဟာ ၂၀၀၇ ရွှေဝါရောင်တော်လှန်ရေးမှာ ပါဝင်နှိမ်နင်းခဲ့သူ ဖြစ်တယ်လို့ တောင်အာဖရိကအခြေစိုက် Mail and Guardian သတင်းစာက ဖော်ပြပါတယ်။

မြန်မာ့စစ်ရေးလေ့လာသူ ဦးဌေးအောင်ကလည်း ရွှေဝါရောင်တော်လှန်ရေးမှာ သံအမတ်ကြီးဦးမြင့်နောင် ပတ်သက်ခဲ့ပုံကို အခုလို ပြောပြပါတယ်။

"၂၀၀၇ ခုနှစ်တုန်းက ရန်ကုန် ရွှေတိဂုံဘုရား တောင်ဘက်မုခ်မှာ သံဃာတော်တွေကို မီးလောင်ပုံးတွေ မျက်ရည်ယိုဗုံးတွေနဲ့ ပစ်ခတ်ပြီး လူစုခွဲနှိမ်နင်းတဲ့နေရာမှာ ဦးစီးကွပ်ကဲခဲ့တဲ့ တပ်မဟာ ၇၇ က ဗျူဟာမှူးအဆင့် တာဝန်ရှိသူ တစ်ဦးလို့ သိပါတယ်"

တောင်အာဖရိကသမ္မတအနေနဲ့ ဗီယင်နာ သဘောတူညီချက်အရ လုံခြုံရေးကို အကြောင်းပြုပြီး သံတမန် အဖွဲ့ဝင်တွေကို ငြင်းပယ်ခွင့်ရှိကြောင်း၊ သမ္မတအာဏာကို အသုံးပြုပြီး ဦးမြင့်နောင်ရဲ့ သံအမတ်ခန့်အပ်လွှာကို ရုပ်သိမ်းသင့်ကြောင်း အတိုက်အခံ ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ရဲ့ နိုင်ငံတကာဆက်ဆံရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး Kenneth Mubu က ပြောပါတယ်။

ဒါ့အပြင် အာဏာရှင်တွေ လူ့အခွင့်အရေးချိုးဖောက်သူတွေနဲ့ ဆက်ဆံမှုကို တောင်အာဖရိကအစိုးရအနေနဲ့ ရပ်တန့်သင့်ပြီလို့လည်း အတိုက်အခံဝန်ကြီး Mubu က ပြောဆိုလိုက်ပါတယ်။

---

**စာမျက်နှာ ၁၇ မှ**

California: Stanford Center on Conflict and Negotiation

Du Toit, P. (1995) State Building and Democracy in Southern Africa: Botswana, Zimbabwe, and South Africa, Washington, DC: United States Institute of Peace

Ebrahim, H. (1998) The Soul of a Nation: Constitution-Making in South Africa, Cape Town: Oxford University Press

Gastrow, P. (1994) Bargaining for Peace: South Africa and the National Peace Accord, Washington, DC: United States Institute of Peace Press

Lyman, P. (2002) Partner to History: The U.S. Role in South Africa's Transition to Democracy, Washington, DC: United States Institute of Peace Press

Mandela, N (2006) Long Walk to Freedom: The Autobiography of Nelson Mandela, London: Little, Brown

Marks, S. (2000) Watching the Wind: Conflict Resolution during South Africa's Transition to Democracy, Washington, DC: United States Institute of Peace

# အညတရသူရဲကောင်းဆု ဒုတိယအကြိမ် နိုင်ငံရေးအကျဉ်းသား ၄ ဦးချီးမြှင့်

**DVB | နိုဝင်ဘာ ၁၀ ။ ။** ဂျပန်နိုင်ငံရောက် မြန်မာစေတနာရှင်တွေနဲ့ဖွဲ့ စည်းထားတဲ့ အညတရ သူရဲကောင်းဆု ချီးမြှင့်ရေးကော်မတီက ရွေးချယ်တဲ့ ဒုတိယအကြိမ် အညတရ သူရဲကောင်းဆုကို နိုင်ငံရေးအကျဉ်းသား ၄ ဦးက ရရှိသွားပါတယ်။

နိုဝင်ဘာလ ၉ ရက်နေ့စွဲနဲ့ကြေညာလိုက်တာဖြစ်ပြီး ဒီဆုကို လာမယ့် နိုဝင်ဘာ ၂၀ ရက်နေ့မှာကျရောက်မယ့် အမျိုးသားအောင်ပွဲနေ့မှာ ပေးအပ် ချီးမြှင့်သွားမှာဖြစ်တယ်လို့ ကြေညာထားပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် ဦးဝင်းတင် ဦးဆောင်တဲ့ ဆုရွေးချယ်ရေးအဖွဲ့က လက်ရှိ နှစ်ရှည်ထောင်ဒဏ်ချမှတ်ခံနေရတဲ့ နိုင်ငံရေးအကျဉ်းသား ၄ ဦးကို ရွေးချယ်ခဲ့ပြီး ဆုချီးမြှင့်ရေးကော်မတီကနေ မနေ့က ကြေညာလိုက်တာ ဖြစ်ပါတယ်။

ရွေးချယ်ထားတဲ့ အညတရသူရဲကောင်းတွေကတော့ဆရာတော်ဦးဝိရသူ (မြစ်ကြီးနားထောင်)၊ ဦးစိုင်းလှအောင် (ကျောက်ဖြူထောင်)၊ ကိုသန့်ဇော် (သရက်ထောင်) နဲ့ မမာမာဦး (ဗန်း မော်ထောင်) တို့ကို ရွေးချယ်ထားပါတယ်။

အဆိုပါ အညတရ သူရဲကောင်း ၄ ဦးဟာ နှစ်ရှည်ထောင်ဒဏ်ချမှတ်ခံရသူတွေဖြစ်ပြီး လူထုအတွက် ဘဝတွေပေးအပ် လုပ်ဆောင်သူတွေဖြစ်ပေမယ့် လူသိထင်ရှားတဲ့သူတွေ မဟုတ်တာကြောင့်ဒီဆုကို ပေးအပ်တာလို့ ဆုချီးမြှင့်ရေးအဖွဲ့က တာဝန်ခံကိုမင်းထက်ဇော်ကပြောပါတယ်။

"အဓိကတော့ ရွေးချယ်ရေးကော်မတီက တိုင်းပြည်နဲ့လူမျိုးအကျိုး၊ အများအကျိုးအတွက် စွန့်လွှတ်စွန့်စား ဆောင်ရွက်ခဲ့တဲ့သူတွေနောက်ပြီး ဒီလူတွေက အမည်နာမအားဖြင့်လည်း ထင်ရှားခြင်းလည်း မရှိဘဲနဲ့ အသက်ကို ပဓာနမထားဘဲ ကိုယ်ကျိုးစွန့်ပြီးမိသားစုဘဝတွေရော ကိုယ့်ဘဝတွေရော စွန့်လွှတ်ပြီးတော့ လုပ်ခဲ့တဲ့ စံပြနိုင်ငံသားတွေအဖြစ် စံပြုထိုက်သူတွေအဖြစ် ဒီ ၄ ဦးကို ရွေးချယ်လိုက်တာဖြစ်ပါတယ်။"

ဆုအဖြစ် တဦးကို ကျပ်ငွေ ၁၀ သိန်းနဲ့ ဆုတံဆိပ်ကိုပါ ချီးမြှင့်သွားမှာဖြစ်ပြီး လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင် ပေးအပ်ချီးမြှင့်သွားမှာ ဖြစ်ပါတယ်။

လက်ရှိရွေးချယ်ထားတဲ့ အညတရသူရဲကောင်း ၄ ဦးဟာ နိုင်ငံရေးယုံကြည်ချက်ကြောင့် နှစ်ရှည် ထောင်ဒဏ်ချမှတ်ခံထားရပေမယ့် အပြင်မှာ မိသားစုဝင် မရှိဘူးလို့ ကိုမင်းထက်ဇော်က ပြောပါတယ်။

ဒါကြောင့် ဆရာတော်ဦးဝိရသူကိုယ်စား နိုင်ငံကျော် စွယ်စုံအနုပညာရှင် လူရွှင်တော်ဦးဇာဂနာက တက်ယူမှာဖြစ်ပြီးကျန်သူ တွေအတွက်ကတော့ တာဝန်ရှိသူတွေကပဲ ကိုယ်စား ယူမှာဖြစ်တယ်လို့ ကိုမင်းထက်ဇော် ပြောပါတယ်။

"ဆုရတဲ့သူတော်တော်များများကမိသားစုတွေမရှိကြတော့ဘူး။ မမာမာဦးဆိုရင်လည်း မိသားစုက မရှိတော့ဘူး။ ဖအေတခု သမီးတခုနေတဲ့ကြားကနေ အဖေကဆုံးသွားပြီ။ ကိုသန်းဇော်ဆိုရင်လည်း မိသားစုဝင် တဦးမှမရှိတော့ဘူး။ အကုန်လုံးဆုံးသွားကုန်ပြီ။ သူတို့ကိုယ်စားတော့ ပြည်တွင်းမှာရှိတဲ့ တာဝန်ရှိတဲ့သူတွေက ကိုယ်စားယူမှာပါ။ ဆရာတော် ဦးဝိရသူရဲ့ကိုယ်စားတော့ ကိုဇာဂနာက သူကိုယ်တိုင် တက်ယူမယ်လို့ ပြောထားပါတယ်။"

ပထမကြိမ် အညတရသူရဲကောင်းဆုကို ၂၀၀၇ ရွှေဝါရောင်တော်လှန်ရေးအတွင်း ဦးဆောင်ခဲ့တဲ့ မဂ္ဂင်ကျောင်းတိုက်ဆရာတော်ဦးအိန္ဒက (ဦးအောင်သန်းမြင့်)၊ ထောင်ဒဏ်အကြိမ်ကြိမ် ကျခံနေရတဲ့ဦးခင်ဝင်း(ဘိုးတော်ခင်ဝင်း)နဲ့ HIV/AIDS ဝေဒနာသည်တွေကို ကူညီပေးခဲ့သူ ဦးသန်းနိုင်တို့ကို ရွေးချယ်ခဲ့ပြီး ပြီးခဲ့တဲ့ဧပြီလက ချီးမြှင့်ခဲ့ပါတယ်။

ဆုချီးမြှင့်ရေးကော်မတီအနေနဲ့ အညတရသူရဲကောင်းဆုဂုဏ်ပြုပွဲ အခမ်းအနားကို တိုကျိုမြို့မှာ လာမယ့် ဒီဇင်ဘာလ ၁ရက်နေ့မှာ ပြုလုပ်သွားမယ်လို့ ကြေညာထားပါတယ်။

---

# နိုင်ငံရေးတိုးတက်ဖို့ အီးယူမျှော်လင့်

**VOA | နိုဝင်ဘာ ၇ ။** ။ မြန်မာနိုင်ငံမှာ အရေးကြီးတဲ့အပြောင်းအလဲတွေ ဖြစ်ပေါ်နေပြီး ဒီအ ပြောင်းအလဲ အရှိန်အဟုန်ကို ထောက်ခံအားပေးသွားဖို့ ဥရောပသမဂ္ဂ EU က မျှော်လင့်ထားပါတယ်လို့ EU ရဲ့ ထိပ်တန်းသံတမန် တစ်ယောက်က ပြောလိုက်ပါတယ်။

ဥရောပသမဂ္ဂက ကမကထလုပ်ပြီးကျင်းပတဲ့ ဘဏ္ဍာငွေကြေးပိုင်းပြုပြင်ပြောင်းလဲရေးနဲ့ ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေးဆိုင်ရာ ဆွေးနွေး ပွဲအတွင်း ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုနဲ့ မြန်မာနိုင်ငံဆိုင်ရာ EU ကိုယ်စားလှယ်အဖွဲ့ အကြီးအကဲ David Lipman က အဲဒီလိုပြောလိုက်တာပါ။ ဆွေးနွေးပွဲကို ဒီကနေ့ နိုဝင်ဘာလ ၇ ရက်နေ့မှာစတင်ပြီး နှစ်ရက်ကြာကျင်းပမှာ ဖြစ်ပါတယ်။

ဒီကနေ့ ဘဏ္ဍာငွေကြေးဆွေးနွေးပွဲမှာ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်လည်း လေ့လာသူအဖြစ် တက်ရောက်ခဲ့ပါတယ်။ မြန်မာအစိုးရတာဝန်ရှိသူတွေပါ တက်ရောက်တဲ့ ဆွေးနွေးပွဲတွေမှာ ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ခဲ့တာဟာဖြင့် ဒီဆွေးနွေးပွဲနဲ့ဆိုရင် နှစ်ကြိမ်ရှိသွားပြီ ဖြစ်ပါတယ်။

အဲဒီဆွေးနွေးပွဲတွေမှာ အကြံပြု ဆွေးနွေးကြတာတွေဟာ လက်တွေ့ အကောင်အထည် ဖော်နိုင်တဲ့ အကြံပြုချက်တွေ ဖြစ်တယ်လို့ ဆွေးနွေးပွဲတက်ရောက်သူတစ်ဦးက ဗွီအိုအေကိုပြောပါတယ်။ အခုလုပ်နေတာတွေဟာ နောက်ပိုင်းမှာ သက်ရောက်မှုတွေဖြစ်လာလိမ့် မယ်လို့သူထင်တဲ့အကြောင်း မြန်မာ့ခနမဂ္ဂဇင်းရဲ့ အယ်ဒီတာချုပ် ဦးသီဟစောက ဗွီအိုအေကို ပြောခဲ့တာပါ။

ဆင်းရဲမွဲတေမှု လျှော့ချရေးအတွက် လုပ်တဲ့နေရာမှာကဏ္ဍတစ်ခုချင်းစီကို တိုးတက်အောင်လုပ်ရုံနဲ့မလုံလောက်ဘဲ စီးပွားရေးတစ်ခုလုံးကိုတိုးတက်လာအောင်လုပ်ဖို့၊ ပုဂ္ဂလိကကဏ္ဍတခုလုံးကိုတိုးတက်လာအောင်လုပ်ဖို့လိုသလို ဘဏ္ဍာရေးနဲ့ ငွေကြေးကဏ္ဍဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေကိုလည်း လုပ်ဖို့လိုအပ်ပါတယ်လို့ ဆွေးနွေးပွဲတက်ရောက်သူ နောက်တစ်ဦးဖြစ်တဲ့ ဗဟုတတ်သိပညာရှင်များအဖွဲ့ က စီးပွားရေးပညာရှင် ဒေါက်တာဇော်ဦးက ပြောပါတယ်။

# ဦးမောင်ကို အမှတ်တရ "မုန်တိုင်းမှာ ကြွေတဲ့ ကြယ်တပွင့်" စာအုပ်ထုတ်ဝေ

**DVB ၊ နိုဝင်ဘာ ၉ ။** ။ စစ်အစိုးရလက်ထက် ရေကြည်အိုင် စစ်ကြောရေးစခန်းမှာ ညှဉ်းပန်းနှိပ်စက်မှုကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်သမားလုပ်ငန်းအဖွဲ့ဝင် ဦးမောင်ကို ကွယ်လွန်တာ ၂၁ နှစ်ပြည့်မြောက်ပြီဖြစ်ပါတယ်။

ဦးမောင်ကို ကို အမှတ်ရတဲ့အနေနဲ့ ဦးမောင်ကိုရဲ့သမီးထွေး မဆွေဆွေက "မုန်တိုင်းမှာ ကြွေတဲ့ ကြယ်တပွင့်" အမည်နဲ့ ဖခင်ရဲ့ နိုင်ငံရေးဖြတ်သန်းမှုတွေကို စာအုပ်အဖြစ် ထုတ်ဝေလိုက်ပါတယ်။

ဒီစာအုပ်ထဲမှာ စစ်အစိုးရရဲ့ စစ်ကြောရေးစခန်းမှာ အသက်ဆုံးခဲ့ရတဲ့ ဦးမောင်ကိုရဲ့ ဖြစ်ရပ်တွေအပါအဝင် နှစ်နှစ်ဆယ်ကျော်ကာလမှာ နည်းအမျိုးမျိုးနဲ့ ဖိနှိပ်ခံခဲ့ရတဲ့ မြန်မာ့နိုင်ငံရေးလောက အခြေအနေတွေကိုပါ ဖော်ထုတ်ထားပါတယ်။

စာအုပ်ထုတ်ဝေရတဲ့ ရည်ရွယ်ချက်ကို စာရေးသူ မဆွေဆွေက "ကျမတို့ မိသားစု အခု ခံစားခဲ့ရတယ်နော်။ ဒီလို အဖြစ်မျိုးဖြစ်ခဲ့တယ်ဆိုတာ ဗမာပြည်ထဲမှာ ဥပမာ တခုအနေနဲ့လို့ပဲ ကျမက ရည်ရွယ်တာ။ ကျမတို့မိသားစုလို အဖြစ်မျိုးတွေ ဒီ့ထက်ဆိုးတဲ့ အဖြစ်တွေနိုင်ငံရေးပြဿနာတွေနဲ့ပတ်သက်ပြီး ဗမာပြည်မှာဖြစ်တဲ့ ပြဿနာတွေနဲ့ပတ်သက်ပြီးတော့ မိသားစုတွေက သေကွဲ ရှင်ကွဲ အမျိုးမျိုးနဲ့ ကွဲခဲ့ရတယ်။

အဲဒီတော့ အဲဒီ ဒီခံစားခဲ့ရတဲ့ လူတွေအားလုံးရဲ့ ဒုက္ခတွေ အားလုံးကို ဒီစာအုပ်လေး တအုပ်က ကိုယ်စားပြုမယ်လို့ ကျမ မျှော်လင့်ပြီးတော့ ဒီဟာလေးကို ရေးတယ်။ ကျမရဲ့ ပုဂ္ဂလိက ခံစားချက်တခုတည်းကို တင်ပြချင်တာထက် ဒါမျိုးဟာ တကယ်ဖြစ်ခဲ့တယ်၊ ဒါမျိုးအဖြစ်တွေဟာ ဖေဖေ့ ကိစ္စတင်မဟုတ်ဘူး အများကြီး ရှိနေသေးတယ်ဆိုတာကို ကျမ ရည်ညွှန်းပြီးတော့ ဒီစာအုပ်လေးကို ရေးဖြစ်ဖို့ ဖြစ်လာတာပါ။"

စာမျက်နှာ ၂၀၀ ပါဝင်တဲ့ ဒီစာအုပ်မှာ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ အဖွဲ့ချုပ်ဒု-ဥက္ကဋ္ဌ ဦးတင်ဦးတို့က အမှာစာရေးသားပေးထားကြပါတယ်။ ဒ့ါအပြင် ဦးမောင်ကိုရဲ့ နိုင်ငံရေးလုပ်ဖော်ကိုင်ဘက်တွေဖြစ်တဲ့ ဒေါက်တာတင်မျိုးဝင်း၊ ဦးဇင်လင်းနဲ့ ဒေါ်ခင်မိုးမိုးတို့လည်း အောက်မေ့ဖွယ် ဆောင်းပါးတွေရေးသားထားကြပါတယ်။

ဦးမောင်ကိုဟာ မြန်မာ့ဆိပ်ကမ်းမှာ မန်နေဂျာအဖြစ် ၁၉၈၈ ခုနှစ်အထိ တာဝန်ထမ်းခဲ့ပြီး ၁၉၈၈ ခုနှစ် မြန်မာ့ဒီမိုကရေစီရေး လှုပ်ရှားမှုမှာ ပါဝင်မှုကြောင့် သူ့ကို အာဏာပိုင်တွေက အငြိမ်းစားပေးလိုက်ပါတယ်။ ဒီနောက် ဦးမောင်ကိုဟာ စစ်အစိုးရရဲ့ စစ်ကြောရေးစခန်းမှာ ကွယ်လွန်တဲ့ နောက်ဆုံးအချိန် ၁၉၉၀ ပြည့်နှစ်အထိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ဗဟိုအလုပ်သမားလုပ်ငန်းအဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်သွားပါတယ်။

ဦးမောင်ကိုရဲ့အလောင်းကို ရန်ကုန်ဆေးရုံကြီးမှာ တွေ့ရှိသူတွေက အကြောင်းကြားမှ မိသားစုက သိရသလို သူ့ခန္ဓာကိုယ်မှာလည်း ပြင်းထန်တဲ့ ဒဏ်ရာအများအပြားကို တွေ့ခဲ့ရပါတယ်။ ဦးမောင်ကိုကျဆုံးခြင်း ၂၁ နှစ်ပြည့်မှာ အောက်မေ့ဖွယ်အဖြစ် မိသားစုက ဒီနေ့ရန်ကုန် တက္ကသိုလ်ရိပ်သာလမ်း၊ အင်းလျား ကန်ဖျား ကျောင်းတိုက်မှာကျင်းပပြီး သံဃာတော်တွေကို ဆွမ်းဆက်ကပ်လှူဒါန်း သွားပါတယ်။

**APTO 502**
**7-18-1 Takinogawa**
**Kita Ku, Tokyo**
**Japan. 114 - 0023**

**Tel/Fax: 81 3-3949-3919**
**E-mail: sayarkway@yahoo.com**
**koko@gol.com**

**၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်**